

# ရေးလာတဲ့ပေးစာ

**အယ်ဒီတာခင်ဗျား •**

Independence ဂျာနယ် အမှတ် ၂၂၀ မှာပါ တဲ့ **တောင်ပေါ်သား ရဲ့ခံစားချက်** – အမှားပြင်ဆင်မှုနဲ့ပတ်သက်ပြီး အပြုသဘောနဲ့ တခုတလေအမှားတွေအပေါ် တခါတလေထောက်ပြလိုက်တာကို သီးခြားပြင်ဆင်ပေးတာမဟုတ်ဘဲ တိုက်ရိုက်အယ်ဒီတာထံပေးစာမှာ ထည့်ပေးလိုက်တော့ ကမ္ဘာ့အတိုင်းအတာမကျေနပ်မှု ဖြစ်သွားသလားလို့ ထင်မြင်မိပါတယ်။

ဒီအကြောင်းအရာက ကွမ်းခေါ်ပရိသတ်အတွက် အကျိုးတရားပြုသွားနိုင်တယ်လို့ အကောင်းမြင်ဖက်က မြင်မိတယ်။
နှစ်ပေါင်းရာချီ မိဘဘိုးဘေးတို့ရဲ့ မတရားခံစားချက်အပြင် နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်တို့ လက်အောက်ကလွတ်မြောက်ပြီး ပုခုံးပြောင်းကျွန်ဘဝအဖြစ် မဟာဗမာလူမျိုး ကြီးဝါဒီ ဦးနုရဲ့ ဖဆပလ၊ ဗိုလ်နေဝင်းရဲ့ မဆလ၊ ဗိုလ်စောမောင်ရဲ့ နဝတ၊ ဗိုလ်သန်းရွှေရဲ့ နအဖခေတ်အဆက်ဆက်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သဘောတူညီခဲ့တဲ့ ပင်လုံစာချုပ်အတိုင်း ပြည်ထောင်စုစစ်စစ် ဖက်ဒရယ် (Federal)မှုကို တင်ပြခဲ့ကြတာ အခေါက်ခေါက်အခါခါပါ။ ဗိုလ်နေဝင်းဖျက်သိမ်းလိုက်လို့ မရှိတော့တဲ့ပြည်ထောင်စုကို ပါးစပ်ပြဲအောင်ဟန်ပြအော်ပြီး တကယ်တမ်းလက်တွေ့မှာ ပြည်ထောင်စုစစ်စစ်တည်ဆောက်ရမှာကို ဘူးခံငြင်းဆန်ရင်း ညစ်ပတ်၊ စုတ်ပဲ့၊ လိမ်ညာ၊ ကောက်ကျစ် ယုတ်မာတဲ့ ဖဆပလ၊ မဆလ၊ နဝတ၊ နအဖ နိုင်ငံရေးခေါင်းဆောင် စစ်ခေါင်းဆောင်တွေ (နယ်စပ်တောင်တန်း အမျိုးသားများ အပါ အဝင်) သျှမ်းပြည်အမျိုးသားများအပေါ် နှိပ် စက်၊ ညှင်းပမ်း၊ လုယက်၊ ခါးမြတိုက်၊ အဓမ္မခိုင်းစေ ပေါ်တာဆွဲ၊ အိမ်ခြေလယ်ယာဥယျာဉ်ခြံမြေ မတရားသိမ်းယူ၊ အဓမ္မမုဒိန်းကျင့် သတ်ဖြတ်လာနေတာ နှစ်ပေါင်းငါးဆယ်ကျော် ရှည်ကြာခဲ့ပါပြီ။ တခုတလေအမှား ထောက်ပြလိုက်တိုင်း ကျနော်တို့ခေါင်းဆောင်တွေကို ဖမ်းဆီးသတ်ဖြတ် ထောင်ဒဏ်နှစ်ရှည်ချလိုက်တာလည်း အခေါက်ခေါက်အခါအခါ ဖြစ်လေတော့ ဒီမဟာဝါဒီဗမာ နာဇီစစ်ပဒေသရာဇ် အာဏာရှင်တွေအပေါ်ကိုဘဲ ကွမ်းခေါ်အနေနဲ့ **စကြာဝဠာ အတိုင်းအတာ** မကျေနပ်မှု ဖြစ်သင့်တယ်လို့ယုံကြည်ပါတယ်။

ဒါ့ကြောင့် လက်ရှိမဟာဗမာဝါဒီအမွေခံ ဗိုလ်သန်းရွှေရဲ့ နအဖကို ကွမ်းခေါ်အနေနဲ့ ပြတ်ပြတ်သားသား တိုက်ပွဲဝင်သွားမယ်လို့ လုံးဝယုံကြည်ပါတယ်။

သျှမ်းပြည်ရဲ့တခုတည်းသော စာနယ်ဇင်းလက်နက်အဖြစ် ပြည်သူလူထုအတွက် တတပ်တအားအနေနဲ့ အားကိုးမှုလည်းဖြစ်ပါတယ်။
ဘက်ပေါင်းစုံမှာ အကြပ်အတည်းဖြစ်ပြီး နိုင်ငံတကာရဲ့ ဖိအားတင်မကပြည်တွင်းပြည်ပအတိုက်အခံ ဒီမိုကရေစီအင်အားစုနဲ့ မွေးရာ ပါအခွင့်အရေးတွေအတွက် တိုက်ပွဲဝင်နေကြတဲ့ တိုင်းရင်းသားအင်အားစုတွေကို ကြောက်ရွံ့ပြီး(ရေရှည်တိုက်ပွဲမှာ ရင်မဆိုင်နိုင်တော့တဲ့ အခြေအနေကိုမြင်တွေ့လေတော့) နအဖဟာမြို့တော်ရန်ကုန်ကနေ ဆုတ်ခွါ၊ လူ့အဖွဲ့အစည်းနဲ့ဝေးရာ ပျဉ်းမနားဘက် တပ်ပြေး၊ ကြပ်ပြေး၊ စစ်ပြေးဒေသမှာ အခြေခံတပ်စခန်း တည်ဆောက်နေပါပြီ။ မိဘပြည်သူနဲ့ လူတန်းစားပေါင်းစုံကို ဆန့်ကျင်ရန်ပြုထားလေတော့ အသက်ရှင်နေသမျှကာလပတ်လုံး ကျီးလန့်စာစားဘဝနဲ့ ကိုယ့်အချင်းချင်းကိုတောင် မယုံကြည်နိုင်ကြတော့ပါဘူး။ အီရတ်ပြည်က ဖွါရောက်ဘုရင်တို့ရဲ့ ပိရမစ်ဂူအောင်းသချိုင်းလိုမျိုး နအဖ လူယုတ်မာတို့ကလဲ ဒင်းတို့ရဲ့ ဂူအောင်းသချိုင်းကို ဆက်လက်တည်ဆောက်သွားရမှာ သေချာသလောက်ပါဘဲ။

ရှမ်းပြည်ကွမ်းခေါ် ကျားကြီးက တတပ်တအား ဟိန်းဟောက်ဒေါမာန်ပွားလိုက်ရင် အာဏာရူး နအဖတွေ ပြေးပေါက်မရှိ အသက်ရှူခွင့်မရလူ့လောကအသိုင်းအဝိုင်းကနေ ပျောက်ကွယ်သွားရမှာ သေချာနေပါပြီ။ ပြည်သူလူထုရဲ့ကျိန်စာကြောင့် အဝီစိငရဲစခန်းကို ကြွမြန်းဖို့သာပြင်ဆင်ပေတော့ အယုတ်တမာနအဖတို့ရေ။

S.S Amn (BKK)
1st November 2005



INDP 222 Burmese.pmd 24 25/1/2549, 13:28

# သျှမ်းတိုင်းရင်းသူ နန်းချမ်တောင်းရဲ့ ဘဝဖြတ်သန်းမှုပုံရိပ်

ပြီး ခဲ့တဲ့အောက်တို ဘာလ ၃၁ ရက် နေ့က မြန်မာ့နိုင် ငံ ရေးလှုပ်ရှားသူ နန်းချမ်တောင်းကို အမေရိကန် သမ္မတဂျော့ဘုရှ်က အိမ်ဖြူ တော်မှာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ ဒီတွေ့ ဆုံမှုဟာ မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုမှာ ပထမ ဦးဆုံး တွေ့ဆုံမှုဖြစ်ပါတယ်။

ဒီလိုတွေ့ဆုံခဲ့တဲ့အပေါ်မှာ မြန်မာနိုင်ငံမှာ ဆိုးရွားနေတဲ့နအဖရဲ့ လူ့အခွင့်အရေးချိုး ဖောက်မှုတွေကို ဆွေးနွေးကြတယ်လို့ သိရပါ တယ်။ နောက်ပြီး အမေရိကန် သမ္မတကိုယ် တိုင် နန်းချမ်တောင်းကို လက်ခံတွေ့ဆုံတဲ့အ ပေါ် အားလုံးကအံ့သြမှုတွေနဲ့အတူ နန်းချမ် တောင်း ဆိုတာ ဘယ်သူလဲ၊ ဘယ်ကလာလဲ ငယ်ငယ်ရွယ်ရွယ်နဲ့ မြန်မာ့နိုင်ငံရေး လူ့အခွင့် အရေးကိစ္စကို ဘာ့ကြောင့် တက်တက်ကြွကြွ လှုပ်ရှားနေသလဲဆိုတာ အများကစိတ်ဝင် စားလိမ့်မယ်လို ထင်ပါ တယ်။

"အရင်တုန်းကစပြောရရင် ကျမက သျှမ်းပြည်အလယ်ပိုင်းဒေသမှာမွေးတာပါ၊ အားလုံးသိတဲ့အတိုင်းပဲ သျှမ်းပြည်မှာ နအဖ စစ်တပ်က မတရားဖိနှိပ်တယ်၊ ရွာတွေကို အဓမ္မရွှေ့ခိုင်းတယ်၊ ရွာကနေအတင်းမောင်း ထုတ်တယ်၊ မထွက်ရင်ရွာကိုမီးရှို့တယ်၊ လူ သတ်တယ်၊ နည်းမျိုးစုံနဲ့ လူ့အခွင့်အရေးတွေ ချိုးဖောက် နေတယ်လေ၊ ကျမလဲ ဒီလိုနယ် မြေထဲမှာ မွေးလာလူဆိုတော့ ပြေးလိုက်၊ လွှားလိုက်နဲ့ ကောင်းကောင်းမနေခဲ့ရပါဘူး၊ အဲဒါနဲ့ ထိုင်းနယ်စပ်ကိုရောက်လာတာပါ။ အဲဒီတော့ နေစရာခိုကိုးစရာမရှိတဲ့ ကျမတို့ညီ အမကို ဆရာမဒေါ်မေရီအိမ်မှာ အပ်နှံခဲ့တာ ပါ"။

နန်းချမ်တောင်းရဲ့ပြောပြချက်ဖြစ်ပါတယ်။ နန်းချမ်တောင်းပြောပြခဲ့တဲ့ ဆရာမဒေါ်မေရီ ဆိုတာ ထိုင်း–မြန်မာနယ်စပ်က သျှမ်းရွာ တ ရွာမှနေထိုင်တာပါ။ ဆရာမရဲ့ ဝါသနာအရ ကလေးတွေကို ပညာတတ်စေချင် တာကြောင့် ပြည်တွင်းကနေထွက်ပြေးလာတဲ့ ကလေးတွေ ကိုရော၊ မိဘမဲ့ကလေးတွေကိုပါ လေ့ကျင့်ပျိုး ထောင် ပေးနေတာပါ။

"သျှမ်းပြည်မှာ မနေနိုင်ဘူးလေ၊ အဲဒီမှာ မနေနိုင်ကြတော့ အကုန်လုံးပြောင်းရွှေ့လာ တယ်လေ။ ကလေးတွေက ထားစရာနေရာ မရှိတော့ သူတို့ကကျမကိုပဲကြည့်တယ်။ ချမ်တောင်းကိုလာထားတုန်းက ချမ်တောင်း ၆ နှစ်ပဲရှိသေးတယ်။ ၆ နှစ်ရှိပေမယ့် သူက စာသိပ်ကြိုးစားတယ်။ ကျောင်းသူဘဝမှာ ည တိုင်း တစ်နာရီ နှစ်နာရီ




လောက် စာကြည့်ပြီး အင်္ဂလိပ်စာသိပ် ကြိုးစားတယ်။ နယ်စပ်သျှမ်းကျောင်း မှာ နေတုန်းကတော့ သူမ ၆ နှစ် ကျော် ၇ နှစ် ထဲမှာ ထိုင်းကျောင်းကိုပြောင်း ရွှေ့လာ တာ ၁ တန်း ကနေ ၉ တန်းအထိ နေသွားတယ်။"

ချမ်တောင်းကို ထိန်းကျောင်းလာတဲ့ ဆရာမ ဒေါ်မေရီပါ။ ဆရာမပြောသလို ချမ် တောင်းဟာ မိခင်ဘာသာ သျှမ်းဘာသာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သလို အင်္ဂ လိပ်စာ၊ ထိုင်းစာ၊ တရုတ်စာတွေကိုလဲ ကျွမ်း ကျွမ်းကျင်ကျင်တတ်ပါတယ်။ ဒါပေမယ့် ဗမာစာကတော့ သင် လဲမသင်ရ ကြားဖူးနား ဝလဲ မရှိတော့ ဗမာစကားလုံးဝမပြောတတ်ပါ ဘူး။ ဒီလိုနဲ့ သူမအသက် ၁၆–၁၇ နှစ်အထိ ဆရာမမေရီဆီမှာ နေခဲ့ရပါတယ်။

"၁၉၉၈နောက်ပိုင်း ကျမလဲ အသက် ၁၆–၁၇ နှစ်ရှိပြီဆိုတော့ ကျမ တို့သျှမ်းအဖွဲ့မှာ ကျမ လုပ်နိုင် တာကို ကူ ညီလုပ် ပေးချင် တဲ့စိတ် တွေ ပိုပြီး ပြင်း ပြလာတယ်။ ကျမနယ်စပ်မှာ ရှိတုန်းက လဲ ကျမသူငယ်ချင်းတချို့ လူ ကုန်ရောင်းခံရတယ်။ တချို့လဲ AIDS ရောဂါ ကူးစက်ခံရတဲ့ သတင်းတွေကြား ရတယ်။ ဒီတော့ ကျမတွေးမိတယ်လေ ငါဘာ လုပ်နိုင်မလဲ၊ ဘာလုပ် ပေးနိုင်မလဲပေါ့၊ ဒီလို နဲ့ သျှမ်းသံတော်ဆင့် သတင်းအေဂျင်စီမှာ ကျမဝင်ခဲ့ပါတယ်။ အဲဒီမှာ သတင်းယူပုံ ယူနည်း၊ သတင်းရေးပုံရေးနည်း၊ သတင်းဖတ်ပုံ ဖတ်နည်းတွေကိုသင်ရပါတယ်။ နောက်ပိုင်း ကျတော့ကျမလဲ သျှမ်းလူ့အခွင့်အရေး မဏ္ဍိုင်မှာ ဝင်ကူပါတယ်။ အဲဒီမှာ နအဖ စစ် တပ်ကြောင့် နယ်စပ်ကိုထွက်ပြေးရတဲ့ သျှမ်း



INDP 222 Burmese.pmd 25 25/1/2549, 13:28



လူထုရဲ့အခြေအနေကို ကျမကိုယ်တိုင် ကောင်းကောင်းကြီးလေ့လာခွင့်၊ သိခွင့်ရခဲ့ပါတယ်။ တခါတော့ ကျမစဉ်းစားမိတယ်လေ။ နအဖကို ပြန်တိုက်နိုင်ဖို့ နည်းလမ်းတခုက ဒုက္ခရောက်နေတဲ့ ကျမတို့ ရဲ့လူမှုအခြေအနေကို နိုင်ငံတကာကသိ အောင်ပြောပြနိုင်ဘို့ သိပ်ကိုအရေးကြီး ပါတယ်။ ဒီတော့ ကျမဆက်ပြီး ဘန်ကောက် မှာရှိတဲ့ Alternative ASEAN Network On Burma စင်ပြိုင်အာဆီယံအဖွဲ့မှာ အချိန်တို အလုပ်သင်သင်တန်းသွားတက် ရောက်ခွင့် ရပါတယ်။ အဲဒီ သင်တန်းကနေ နိုင်ငံတကာရဲ့ပေါ်လစီဟာ ကျမတို့မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးသက်ရောက်တယ်၊ သူတို့ဆီက ဘယ်လိုအကူအညီမျိုးရနိုင်တယ်၊ ဘယ်လောက်အပြောင်းအလဲရှိစေတယ် စတာတွေပါ''။

ချမ်းတိုင်းရင်းသူ နန်းချမ်တောင်းဟာ အသက် ၂၃ နှစ်သာ ရှိသေးတဲ့ပေမဲ့ အသက်နဲ့မမျှအောင် သူမလုပ်နိုင်တာကို တစိုက်မတ်မတ် ကြိုးစားလုပ်လာရင်း နယ်စပ်တလျှောက် သူ့လိုသျှမ်းအမျိုးသမီးတွေရဲ့ ဘဝမြှင့်တင်ဖို့ ၁၉၉၉ မတ်လ သျှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လုပ်ရှားဆောင်ရွက်ရေးအသင်း SWAN ဖွဲ့စည်းတုံးကလဲ တယောက်အပါ အဝင်ဖြစ်ပါတယ်။ ဒါတင်မကပါဘူး သျှမ်းအမျိုးသမီးတွေအပေါ် နအဖစစ်တပ်က မတရားပြုကျင့်တာနဲ့ ပတ်သက်လို့ ၂၀၀၂ က ထုတ်ပြန်တဲ့ **မုဒိမ်းကျင့်ခွင့်လိုင်စင်** နောက်ဆက်တွဲ လှုံ့ဆော်ရေးအတွက် အဓိကဆောင်ရွက် သူတယောက် လဲဖြစ်ပါတယ်။

''ချမ်းတောင်းအကြောင်း ပြောရမယ်ဆိုရင်တော့ အများကြီးပါပဲ၊ အသက်ငယ်တယ်ဆိုပေမယ့်သူ့ရဲ့ လှုပ်ရှားမှုတွေလုပ်ငန်းတွေ အများကြီးလို့ပြောရမှာပေါ့။

SWAN ဖွဲ့ပြီးတဲ့နေ့မှာပဲ ဂျနီဗာကို သူခရီးထွက်သွားရတာပေါ့။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်မှာတကယ့်ပြည်သူတွေခံစားနေရ တာကိုတင်ပြဖို့သွားပါတယ်။ ဒါကသူမ စပြီးလုပ်ခဲ့တာပါ။ နောက်ပိုင်းကျတော့ ဒီလိုပဲ ကိုယ့်ရဲ့အဖွဲ့အတွင်းမှာလုပ်တဲ့လုပ်ငန်းတွေအပြင် တခြားနိုင်ငံတကာစည်းရုံးလှုံ့ဆော်မှုတွေမှာ အမြဲတမ်းပါဝင်လှုပ်ရှားခဲ့တယ်။ အခုလဲ အဖွဲ့အစည်းရဲ့အကြံပေးအဖွဲ့ထဲမှာပါတယ်။ နောက်တခု သူကနိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးမှာလဲ တာဝန်ယူထားတာ၊ အဲဒီအပြင် အသက်ငယ်ငယ်နဲ့ Community တခြားလုပ်ငန်းထဲမှာ သျှမ်းရဲ့လူမှုအသိုင်းအဝိုင်းထဲမှာ လှုပ်ရှားနေတာလဲရှိပါတယ်။ သူကတော်ပါတယ်၊ တော်လဲတော်တယ်၊ ကြိုးလဲကြိုးစားတယ်၊ ဒါတွေက စံနမူနာကောင်းတခုဖြစ်တာပေါ့။ တခြားလူငယ်တွေအတွက်။''

ရှမ်းအမျိုးသမီးရေးရာမှ နန်းဆိုင်နောင့်ဖြစ်ပါတယ်။ နန်းချမ်တောင်းအနေနဲ့ SWAN ခေါ်တဲ့သျှမ်းအမျိုးသမီးရေးရာမှာ တက်တက်ကြွကြွပါဝင် လှုပ်ရှားမှု၊ ပြင်းပြတဲ့သူမရဲ့ရည်ရွယ်ချက်၊ ရိုးသားကြိုးစားမှုကြောင့် နိုင်ငံတကာက ပေးအပ်တဲ့ မေရီကလဲဆု၊ ရီးဘုတ်လူ့အခွင့်အရေးဆု၊ မကြာခင်မှာ တိုင်းမ်မဂ္ဂဇင်းရဲ့ အာရှသူရဲကောင်းတဦးအဖြစ်ရွေးခြယ်ဂုဏ်ပြုခံရပါတယ်။

''အဲဒီတော့ ဒီခေါက်US ကိုသွားတော့လဲ မြန်မာ့နိုင်ငံရေး အခြေအနေကို စိတ်ဝင်စားနေတဲ့ အချိန်လဲဖြစ်တယ်။ ချမ်တောင်းကိုယ်၌ကလဲ ဆုတွေရထားတယ်၊ အသိအမှတ်ပြုခံထားရတာတွေလဲ အများကြီးဖြစ်တဲ့အတွက် တချိန်ထဲမှာ သမ္မတဂျော့ဘုရှ်ကလဲ တွေ့ဆုံဘို့ ကမ်းလှမ်းလာတယ်၊ တချိန်ထဲမှာပံ့ပိုးမှုပေးနေတဲ့ အဖွဲ့အစည်းတွေ ပံ့ပိုးပေးတာနဲ့ မြန်မာနိုင်ငံရဲ့အရေးကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျ ပြောပြရင်း ကြိုးစားပြီးလှုပ်ရှားခဲ့တာဖြစ်တယ်''။

''တကယ်တမ်းကျတော့ မြန်မာနိုင်ငံက ဘယ်အခြေအနေမှာ ရောက်နေတယ်ဆိုတာ အမေရိကန်အစိုးရကလဲ စိတ်ဝင်စားပြီးသား၊ သိနေကြားနေပြီးသားဆိုတော့ မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ မစိမ်းတော့ပါဘူး။ နောက်ပြီးတော့ဟိုးလေးတကျော်ကျော်ဖြစ်နေတဲ့ မြန်မာနိုင်ငံရေးပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ တင်ပြမယ် ဆိုတဲ့ကိစ္စကလဲ USA မှာရှိတဲ့ ဒီမိုကရေစီရေး လှုပ်ရှားသူတွေ တက်တက်ကြွကြွ လုပ်နေတယ်မဟုတ်လား။ ဒီတော့ ကျမလဲ ဝါရှင်တန်မှာရှိတဲ့ အစည်းအဝေးတခုကို သွားရောက်တဲ့အချိန်နဲ့ သွားကိုက်တယ် လို့ပဲပြောရမလား။ ဒီတော့ သမ္မတဘုရှ်က တွေ့ချင်တယ်ဆိုလို့ အိမ်ဖြူတော်မှာ အခုလိုတွေ့ဖြစ်သွားတာပါ။ ကျမအနေနဲ့ ဘယ်သူပဲဖြစ်ဖြစ်ပေါ့နော်၊ ဒီလိုမျိုးနအဖစစ်အစိုးရက ကျတို့ပြည်သူလူထုအပေါ်ကို နည်းမျိုးစုံနဲ့ လူ့အခွင့်အရေးတွေချိုးဖောက်နေတာ၊ နှိပ်စက်နေတာတွေကို ပြောခွင့်ရတာ အင်မတန်ကောင်းပါတယ်။ ဘယ်သူဘယ်ဝါက တွေ့ဆုံတယ်ဆိုတာထက် ဖြစ်ပျက်နေတဲ့ ကျမတို့နိုင်ငံရေး၊ လူထုအခြေအနေကို ကမ္ဘာကသိအောင် ပြောပြဖို့ပါ။ အဲဒီကမှ နိုင်ငံတကာကနေ ကူညီပံ့ပိုးမှုတွေရဖို့က အဓိကကျတာပါ။ သမ္မတဘုရှ်ကိုယ်တိုင်က လက်ခံတွေ့ဆုံတယ်ဆိုတာကလဲ သူ့အနေနဲ့ မြန်မာ့အရေးကို ထောက်ခံအားပေးတယ်ဆိုတာ ပြသလိုက်တာပါပဲ။ အရေးကြီးဆုံးက ကျမတို့မြန်မာနိုင်ငံမှာ နိုင်ငံရေး အပြောင်းအလဲတခုခုဖြစ်လာဖို့ပါ။ ဒီတော့ တခြားနိုင်ငံတွေ အထူးသဖြင့် ကျမတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေကနေ ကူညီပံ့ပိုးမှုတွေရပြီး နအဖအစိုးရကို တိုက်တွန်းဖိအားပေး နိုင်ဖို့ပါပဲ''။

**နန်းခမ်းကယော့ (DVB)**
**နိုဝင်ဘာလလယ် 2005**



INDP 222 Burmese.pmd 26 25/1/2549, 13:28

# အပစ်ရပ်အဖွဲ့များ၏ အခြေအနေ



ဒီကနေ့မြန်မာ့နိုင်ငံရေးမှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေဟာ အဓိကအရေးပါတဲ့ အင်အားစုတွေအဖြစ် ရပ်တည်နေပါတယ်။ နအဖအနေနဲ့ ဒီအဖွဲ့တွေကို ရှင်းပစ်နိုင်ဘို့ အခြေအနေတွေဖန်တီးနေပါတယ်။ အဓိကအဖွဲ့တွေကိုရှင်းပစ်ဘို့ အကွက်တွေ့မှဘဲ အပိုင်ကိုင်အပြတ်လုပ်ပါတယ်။ ဗိုလ်ခင်ညွန့်အရာကျပြီးတဲ့နောက် လူငယ်ခြေတက် ရှမ်းပြည်ဘက်က တိုင်းမှူးတွေဟာ ဗိုလ်ခင်ညွန့်ဇာတ်ညွှန်းရေးခဲ့တဲ့ ဒီ “ငြိမ်း” အဖွဲ့ဆိုတာတွေကို ဖျက်သိမ်းပစ်ဖို့ စတင်ပြုလုပ်နေပါပြီ။

ပထမဆုံးအနေနဲ့ နယ်စပ်နဲ့ဝေးပြီး အင်အား ပြန့်နေတဲ့ SSNA နဲ့အင်အားနည်းပါးတဲ့ ပလောင်အဖွဲ့တွေကို လက်နက်ဖြုတ်သိမ်းလိုက်ပါပြီ။ အဲဒီနောက်မှာတော့ ရှမ်းပြည်အတွင်းမှာရှိတဲ့ တခြားလက်နက်ကိုင်အဖွဲ့တွေကိုလဲ လက်နက်အပ်ကြဖို့ 2005 မေလ ကုန်ပိုင်းလောက်က ရမခ တိုင်းမှူးမြင့်လှိုင်ခေါ်ယူဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် ဒီငြိမ်းအဖွဲ့တွေက ဒီကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ခင်ညွန့်နဲ့ဆွေးနွေးတုံးက လက်နက်အပ်ဖို့မပါဘူး။ ကိုယ့်ဒေသကိုယ်အုပ်ချုပ်နိုင်တယ်ဆို တဲ့ သဘော တူညီချက်နဲ့ အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့တာဖြစ်တယ်။ ဒီတော့ လက်နက် မအပ်နိုင်ဘူးလို့ ငြင်းဆိုခဲ့ပါ တယ်။ အဲဒီလို ငြင်းဆိုတဲ့ အခါ ဗိုလ်ချုပ်မြင့်လှိုင်က ဒါဆိုရင် ခင်ဗျားတို့ ပြန် နိုင်ပြီ။ ကျုပ်တို့လဲစစ်မတိုက်ရတာကြာပြီဗျာ လို့ ပြောလွှတ်လိုက်တယ်လို့သိရပါတယ်။ အခုစစ်ခေါင်းဆောင်တွေက ဗိုလ်ခင်ညွန့်လို “ငြိမ်း”အဖွဲ့တွေကို အရေး အရာထား မဆက်ဆံတော့ပါဘူး။

“ငြိမ်း”အဖွဲ့တွေကို ဖဆလပခေတ်က ပျူစောထီးတွေလို ပြည့်တန်ဆာအိမ်ဖမ်းခိုင်းမယ်၊ ခါးပြတိုက်ခိုင်းမယ်၊ ရွေးကောက်ပွဲနီးတော့ အတိုက်အခံတွေကိုသတ်ခိုင်းမယ်၊ ဒါလောက်အဆင့်ပဲထားချင်ပုံရပါတယ်။ အခုကိုပဲ တချို့“ငြိမ်း”အဖွဲ့တွေဟာ ပျူစောထီးအဆင့် ရောက်မှန်းမသိ ရောက်ရှိနေရပါပြီ။ “ငြိမ်း” အဖွဲ့ဆိုတာက နဝတထဲမှာ ဗိုလ်ခင်ညွန့်ကို အိမ်ရှေ့စံကိုယ်တော်လေးအဖြစ်ထားခဲ့စဉ်က ကမ္ဘာ့နိုင်ငံရေးရေစီးကြောင်းနဲ့အတူ ခါတော်မီဖေါ်ထုတ်ခဲ့တဲ့ ဖားတပိုင်း ငါးတပိုင်း နိုင်ငံရေးအဖွဲ့အစည်းတွေပါ။ အဲဒီအချိန်က ဘာလင်တံတိုင်းပြိုကျပြီး စစ်အေးခတ် ပြီးဆုံးချိန်ဖြစ်ပါတယ်။

အရင်စစ်အေးခတ်က ဆိုဗီယက်နဲ့ အမေရိကန် ဗိုလ်နှစ်ဗိုလ်ရန်ဆောင်နေရာက ဆိုဗီယက်ပြိုကျပြီး ကမ္ဘာမှာစူပါပါဝါ ဗိုလ်တဗိုလ်ထဲကျန်ခဲ့ပါတယ်။ ဒီတော့ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းမှာအပြောင်းအလဲတွေဖြစ်ပေါ်လာပြီး ရန်မီးတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းနိုင်တော့မယ်လို့ ကြွေးကြော်နေချိန်ဖြစ်ပါတယ်။ မုဆိုးရာသီကုန်ဆုံးခဲ့ပြီမို့ လေးနဲ့မြှားမလိုဘူးလို့တောင် အစ္စရေးခေါင်းဆောင် ရီမွန်ပဲရစ်က ပြောဆိုနေချိန်ပါ။ အဲဒီလိုအချိန်မျိုးမှာ စစ်အေးခတ်လေဟုန်စီးပြီး ကမ္ဘာ့အစီအစဉ်သစ်ကြီးနဲ့အတူ အမေရိကန်ကို မျက်နှာလိုအားရ ဖေါ်လံဖားချင်တဲ့စိတ်နဲ့ တော်လှန်ရေးအဖွဲ့တွေကို အပစ်အခတ်ရပ်စဲရေးလုပ်၊ နောက်ပြဿနာ နောက်မှရှင်းမယ်ဆိုတဲ့ အောက်ကြေးနဲ့ငြိမ်းချမ်းရေးအဖွဲ့တွေကို ဗိုလ်ခင်ညွန့်က ဖေါ်ထုတ်ခဲ့တာပါ။

ပထမဆုံး ဗမာပြည်ကွန်မြူနစ်ပါတီထဲက ကိုးကန့်၊ ဝ စတဲ့တိုင်းရင်းသား အဖွဲ့တွေကို တောင်းသမျှ အခွင့်အရေးတွေကိုပေးပြီး ဖဲ့ထုတ်စည်းရုံးလိုက်လျောခဲ့ပါတယ်။ အဲဒီအခွင့်



SHAN



INDP 222 Burmese.pmd 27 25/1/2549, 13:28

အရေးတွေက (၁၉၈၀)ခုနှစ်ပိုလ်နေဝင်းနဲ့ သခင်ဗသိန်းတင် ဆွေးနွေးခဲ့စဉ်က ပိုလ်နေဝင်း မလိုက်လျောခဲ့တဲ့ တောင်းဆိုချက် တွေပါ။ အဲဒါတွေက အဖွဲ့အစည်းတည်ရှိခွင့် ပြုရမယ်၊ ကိုယ့်နယ်ကိုယ်အုပ်ချုပ်၊ ကိုယ့်လက်နက် ကိုယ်ကိုင်ထား၊ စီးပွါးရေးလွတ်လွတ်လပ်လပ် လုပ်ဆိုတဲ့ အချက်တွေဖြစ်တယ်။ အဲဒီလို စေ့စပ်ဆွေးနွေးနိုင်ဖို့ ကိုးကန့်၊ ဝ စတဲ့တိုင်းရင်းသားတွေနဲ့ ပိုလ်ချုပ်ခင်ညွန့်ကို အောင်သွယ် ပေးခဲ့သူကတော့ ဦးအောင်ကြီး ဘိန်းဘုရင် လောရှင်းဟန်တို့ဖြစ်ပါတယ်။

အမေရိကန်ရဲ့ ဆေးဖော်ကြောဖက် အလုပ်ခံရမလားဆိုတဲ့ စိတ်နဲ့လက်နက်ကိုင် အဖွဲ့တွေကို မတန်တဆ လိုက်လျောခဲ့ပေမယ့် ပိုလ်ချုပ်ခင်ညွန့်စိတ်ကူးဟာ လက်တွေ့ဖြစ် မလာခဲ့ပါဘူး။ အဖတ်တင်ကျန်ခဲ့တာကတော့ ဒီနေ့လူငယ်ခြေတက်တိုင်းမှူးတွေ မျက်နှာ ကျောမတည့်တဲ့ “ငြိမ်း”အဖွဲ့ဆိုတဲ့ သူတို့နဲ့ ပြိုင်ဖက်ဒေသခံ စစ်ဘုရင်တွေပါ။ “ငြိမ်း” အဖွဲ့တွေက ကိုယ့်နယ်၊ ကိုယ့်တပ်နဲ့ တထီးတနန်းဖြစ်လေလေ၊ တိုင်းမှူးတွေမနာလို မုန်းတီးလေလေဖြစ်လာပါတယ်။ သူတို့အမြင်က “ငြိမ်း”အဖွဲ့ဆိုတာက ပိုလ်ခင်ညွန့်လက်ကိုင်တုတ်ပါ။ ဒီကနေ့ဒီအချိန်မှာ ပိုလ်ခင်ညွန့်မရှိတော့တဲ့အတွက် အရာထား စရာမလိုတော့ဘူး။ အိမ်ကြီးပေါ်အိမ်ငယ် ဆောက်တဲ့စနစ်ကို ဖျက်သိမ်းပစ်မှာဖြစ်ပါတယ်။ နောက်တချက်က“ငြိမ်း”အဖွဲ့တွေရဲ့ စီးပွါးရေးနဲ့ယှဉ်လိုက်ရင် နအဖတပ်တွင်း စီးပွါးရေးက “ငြိမ်း” အဖွဲ့တွေကိုမယှဉ်နိုင်ပါဘူး။ ဒီတော့ စိတ်အချရဆုံးကရှင်းပြစ်လိုက်တာ သူတို့အတွက် အကောင်းဆုံးဖြစ်ပါ တယ်။

နောက်တချက်က အမျိုးသားညီလာခံကိစ္စပါ။ KIO ဒု ဥက္ကဋ္ဌ ဒေါက်တာတူးဂျာရဲ့ အသံလွှင့် ဌာနတခုနဲ့ အင်တာဗျူးမှာ အမျိုးသားညီလာခံဟာ အာဏာသုံးရပ်ခွဲဝေရေး အဆင့် ရောက်နေပြီလို့ပြောခဲ့ပါတယ်။ အဲဒီအင်တာဗျူးမှာပဲ ဒေါက်တာတူးဂျာက သူတို့တင်ပြတဲ့ အချက် 7 ချက်ကို နအဖက ဘာတခုမှ အကြောင်းမပြန်ဘူးလို့ ဆိုပါတယ်။ ရှင်းနေတဲ့သဘောက ခင်ဗျားတို့တင်ချင်သလိုတင်၊ ကျုပ်တို့ဂရု မစိုက်ဘူး။ အမျိုးသားညီလာခံကို ဆက်တက် ချင်တက် မတက်လို့လဲဘာမှ ဖြစ်မသွားဘူး။ ခင်ဗျားတို့လဲ သမိုင်းတရားခံ ဖြစ်သွားပြီလို့ နအဖက အပစ်ရပ်အဖွဲ့တွေကို ပြောလိုက်ပုံ ပါဘဲ။ ဒီအတိုင်းဆိုရင် နအဖ နဲ့“ငြိမ်း” အဖွဲ့တွေရင်ဆိုင်တွေ့ရမယ့်အချိန် ရောက်လာပါပြီ။

ကိုင်ဇာဆိုခဲ့တဲ့ သီချင်းလေးတပုဒ် ရှိပါတယ်။ အဲဒီသီချင်း စာသားတချို့ကို အခုချိန်မှာပြန်ကြား ယောင်နေပါတယ်။ “မင်းလဲ ယောကျ်ား ငါလည်းယောကျ်ား၊ စွမ်းမယ်ထင် လုပ်ကြည့် လိုက်လေ၊ လက်သီးဆုပ်မလား လက်ဝါးဖြန့် မလား၊ ကြိုက်တာကို ရွေးစမ်း ကိုယ့်လူ”တဲ့။

စိုးဝင်းညို (DVB-28/6/05)
2006 နှစ်ဦးပိုင်း အခြေအနေနှင့် လိုက်လျောညီထွေစေရန် ဤဆောင်းပါးကို ပြင်ဆင်ဖြတ်တောက်ကောက်နှုတ်ရပါသည်။ (အယ်ဒီတာ)



Irrawaddy Cartoon



INDP 222 Burmese.pmd 28 25/1/2549, 13:28

# ၂၀၀၅နှစ်ချုပ် တိုင်းရင်းသားနိုင်ငံရေးကဏ္ဍ

ပြည် ထောင်စုမြန်မာနိုင်ငံရဲ့ အလားအလာနဲ့ ပတ်သက်လာရင် တိုင်းရင်းသားများရဲ့အရေးကိစ္စဟာ အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ကုလသမ္မဂအဖွဲ့ကြီးက ဒီမိုကရေစီအုပ်စု နိုင်ငံရေးပါတီ၊ စစ်အစိုးရနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ သုံးပွင့်ဆိုင်ဆွေးနွေးပြီး နိုင်ငံရေးအဖြေရှာကြဖို့ တစိုက်မတ်မတ် တောင်းဆို ခဲ့ပါတယ်။ 2005 ခုနှစ်မှာ တိုင်းရင်းသားအရေးနဲ့ပတ်သက်လို့ အထင်ရှားဆုံးကိစ္စကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ခွန်ထွန်းဦးအပါအဝင် သျှမ်းခေါင်းဆောင်တွေကို ဖေဖော်ဝါရီလတုံးက အရေးယူဖမ်းဆီးလိုက်တဲ့သတင်းပဲဖြစ်ပါတယ်။ ဒီလိုနှစ်ရှည်ထောင်ဒဏ်ချမှတ်တာနဲ့ပတ်သက်လို့ ယုံကြည်မှုဖောက်ဖျက်ရာရောက်တယ်လို့ Euro Burma ညွန်ကြားရေးမှူး သျှမ်းတိုင်းရင်းသားခေါင်းဆောင်တစ်ဦး ဖြစ်တဲ့ စဝ်ဟန်ယောင်ဟွေ့က အခုလိုပြောပါတယ်။



ခွန်မန်ကိုဇန်း



နိုင်ဟံသာ



ပူကျင့်ရှင်းထန်



ဆလိုင်းလျဲန်မှုန်းဆာခေါင်း



ဗဒိုမန်းရှာ

"ဖေဖော်ဝါရီလတုံးက တိုင်းရင်းသားခေါင်း ဆောင်တွေကို ဖမ်းဆီးပြီး 8 လအကြာမှာ နှစ်ရှည်ထောင်ဒဏ်ချလိုက်ပါတယ်။ ဒီကိစ္စက တိုင်းရင်းသားအတွက်ရော နအဖအတွက်ရော ကြီးမားတဲ့ပြဿနာတစ်ခု ဖြစ်တယ်လို့ ကျနော်မြင်တယ်။ ဘာကြောင့်လဲဆိုတော့ အဖမ်းခံခဲ့ရတဲ့ ခေါင်းဆောင် ခွန်ထွန်းဦး၊ စဝ်ဆေထဲင့်တို့ဟာ တိုင်းရင်းသားအရေးလုပ်နေတာ၊ တိုင်းပြည်ကွဲအောင်လုပ်နေတာမဟုတ်ဘူး။ စဝ်ဆေထဲင့်တို့ဆိုရင် နအဖနဲ့အပစ်ရပ်ထားတယ်၊ အမျိုးသားညီလာခံလည်းတက်ခဲ့တယ်။ ခွန်ထွန်းဦးတို့လည်း တိုင်းရင်းသားတွေမက ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးပါတီတွေနဲ့လည်း ပြဿနာမရှိအောင် ပေါင်းလာတယ်။ နအဖနဲ့လည်း ကောင်းကောင်းမွန်မွန်ပေါင်းလာခဲ့ပါတယ်။ ဒီလောက်တောင်ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေကို နအဖကဖမ်းတယ် ထောင်ဒဏ်ပေးတယ်ဆိုတော့ ယုံကြည်မှုကို ဖျက်လိုက်တဲ့သဘောဖြစ်တယ်။" 2005 ခုနှစ် မတ်လ 25 ရက်နေ့မှာ စဝ်ဆေခန်ဖတို့ အစိုးရဖွဲ့ပြီး သျှမ်းသမ္မတနိုင်ငံထူထောင်ဖို့ (17.4.05 မှာလွတ်လပ်ရေး) ကြေငြာခဲ့ပေမဲ့ လက်တွေ့မှာနိုင်ငံတကာရဲ့ ထောက်ခံမှုမရခဲ့သလို နောက်ဆုံးအခြေအနေကလည်း မထူးခြားတာတွေ့ရပါတယ်။

"အစပိုင်းတော့ သူတို့ရဲ့လှုပ်ရှားမှုဟာ လူထုထောက်ခံမှု တော်တော်ရရှိခဲ့တယ်။ သျှမ်းပြည် ပြင်ပ ပြည်ထောင်အချို့ကလည်း ထောက်ခံအားပေးမှုရရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ ကိုးလပိုင်း ဆယ်လပိုင်း အထိ သူတို့ရဲ့လှုပ်ရှားမှုဟာ တိုးတက်တဲ့ လက္ခဏာမတွေ့ရသေးပါဘူး။ ဥပမာ ဒီနှစ်မှာလူထု အုံကြွမှုတွေဖြစ်လိမ့်မယ် ဆိုတာလည်း မဖြစ်ပေါ်ခဲ့ပါဘူး။ ဒီနှစ်မှာ နိုင်ငံခြား 5 နိုင်ငံရဲ့ အသိအမှတ်ပြုမှုရရှိလိမ့်မယ်ဆိုတာလည်း အကောင်အထည် ဘာမှမပြနိုင်သေးပါဘူး။ ကောင်းသောရလဒ်တစ်ခုတော့ရှိပါတယ်။ ဒီလိုကြေငြာလိုက်လို့ သျှမ်းပြည်တွင်း ပြည်ပမှာလှုပ်ရှားနေတဲ့ သျှမ်းအဖွဲ့အစည်းတွေအများကြီး စုစည်းနိုင်ခဲ့တာတွေ့ရပါတယ်။ ဇွန်လ 16 ရက်နေ့က သျှမ်း ယာယီအစိုးရအဖွဲ့ထဲမှာမပါတဲ့ အဖွဲ့ 13 ဖွဲ့က စုပေါင်းပြီး သျှမ်းအမျိုးသားကိုယ်စားပြုကော်မီတီ SRC ဆိုတာကို ထူထောင်နိုင်ခဲ့ ပါတယ်။"

"ဗိုလ်ချုပ်ခင်ညွန့်ကို ဖမ်းဆီးခဲ့တဲ့နောက်ပိုင်း အပစ်ရပ်အဖွဲ့တွေအပေါ် ဖိအားပေးမှုတွေ သိသိသာသာ ပိုများလာတာတွေ့ရတယ်။ ဥပမာ 'ဝ' ကိုကြည့်ရင် သူတို့အစုရှယ်ယာ အများကြီးပါဝင်ထားတဲ့ ဘဏ်တိုက်တွေကို နအဖကသိမ်းလိုက်တယ်။ အရင်က 'ဝ' တွေ မူးယစ်ဆေးဝါးနဲ့ပတ်သက်မှုမှာ ဒေသခံနအဖအရာရှိတွေ တပ်ရင်းတပ်ဖွဲ့တွေ တော်တော်ကြီးကို ပူးပေါင်းလုပ်ဆောင်ခဲ့တယ်။ ဒီနှစ်မှာတော့သူတို့ အဖြိုခံရတဲ့ အခြေအနေကို ရောက်လာပါတယ်။ ဒီအချက်တွေကို ကြည့်ရင် အပစ်ရပ်အဖွဲ့တွေဟာ မလွယ်တော့ဘူးဆိုတာသိရ ပါတယ်။ ဒီနှစ်မှာ မူးယစ်ဆေးဝါးတွေ လွတ်လွတ်လပ်လပ်လုပ်နိုင်တာ အပစ်ရပ်အဖွဲ့တွေမဟုတ်တော့ဘဲ စစ်အစိုးရကို ထောက်ခံတဲ့ ပြည်သူ့စစ်အဖွဲ့တွေ လုပ်လာတာတွေ့ရတယ်။ ဒါကိုကြည့်မယ်ဆိုရင်တဖက်ကလည်း အပစ်ရပ်အဖွဲ့တွေကို ဆွဲဆောင်တဲ့

"ဒီလောက်တောင်ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေကို နအဖက ဖမ်းတယ် ထောင်ဒဏ်ပေးတယ်ဆိုတော့ ယုံကြည်မှုကို ဖျက်လိုက်တဲ့သဘောဖြစ်တယ်"



INDP 222 Burmese.pmd 29 25/1/2549, 13:28

သဘောလို့ ပြောနိုင်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ချင်တယ်ဆိုရင် လက်နက်ချ၊ လက်နက်ချပြီးတော့ ပြည်သူ့စစ်လုပ် သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့လုပ်။ အဲဒီလိုသွေးဆောင်စည်းရုံးတဲ့ သဘောဖြစ်နေပါတယ်''။

**(သျှမ်းသံတော်ဆင့်အယ်ဒီတာဦးခွန်စိုင်း)**

ပြီးခဲ့တဲ့နှစ်မှာ ကချင်တိုင်းရင်းသားတွေမှာလည်း ခွဲထွက်မှုတွေ အာဏာသိမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီထဲမှာ KIO အဖွဲ့က အမျိုးသားညီလာခံတက်တဲ့ကိစ္စနဲ့ ပတ်သက်လို့ လူထုအတွင်းမှာ မကျေမနပ်ဖြစ်တဲ့အတွက် ဇွန်လအတွင်းမှာ KIO ဒု-ဥက္ကဌ ဒေါက်တာတူးဂျာ ကိုယ်တိုင်ဆွေးနွေးတင်ပြခဲ့ရပါတယ်။ NDAK ကချင်အုပ်စုအတွင်းမှာလည်း ဥက္ကဌစခုန်တင်ရင်းအပေါ် အာဏာချုပ်ကိုင်မှုများတယ်ဆိုပြီး အာဏာသိမ်းမှု ဖြစ် ပွားခဲ့ပါတယ်။

''ဗကပတွင်းပြိုကွဲမှုကြောင့် NDAK က ပထမဆုံးခွဲထွက်သွားတယ်။ 1990 ခုနှစ် နောက်ပိုင်းမှာမှ KDA ပြန်ခွဲထွက်သွားတယ်။ နောက်ဆုံးကျတော့ KIO ပါဘဲ။ ကချင်လူထု အများစုကလည်း KIO ကိုဘဲ ထောက်ခံတာဘဲ။ ခွဲထွက်သွားတဲ့အဖွဲ့တွေလည်း သူတို့ဖာသာသူတို့ရပ်တည်နေကြတာပါ။ NDAK ကလည်း ဗကပ နဲ့မရှင်းမလင်းဖြစ်သွားတဲ့အခါကျတော့ မြစ်ကြီးနားအရှေ့မြောက်ပိုင်း ဘက်မှာနေရာယူတယ်။ KDA ကတော့ရှမ်း ပြည်မှာနေကြတယ်။ လဆန်အောင်ဝါတို့အဖွဲ့လည်း 2004 ခုနှစ်မှာခွဲထွက်ပြီး NDAK နဲ့သွားပေါင်းတယ်။ အခု NDAK နဲ့ခွဲထွက်ပြီးတော့ အစိုးရကသူတို့ကို ဝိုင်းမော်အောက်ပိုင်းမှာ နေရာချထားပေးတယ်လို့ကြားတယ်။ နောက်ပိုင်းမှာ KIO နဲ့ဆက်စပ်မှု မရှိတော့ဘူး''။

**(KIO မှ ဗိုလ်မှူး ဇော်ဂမ်)**


ခွန်ဥက္ကာ


စဝ်ဟန် ညောင်ဟွေ

> **'' ဒီနှစ်မှာ မူးယစ်ဆေးဝါးတွေ လွတ်လွတ်လပ်လပ်လုပ်နိုင်တာ အပစ်ရပ်အဖွဲ့တွေ မဟုတ်တော့ဘဲ စစ်အစိုးရကိုထောက်ခံတဲ့ ပြည်သူ့စစ်အဖွဲ့တွေ လုပ်လာတာတွေ့ရတယ်။ ဒါကိုကြည့်မယ်ဆိုရင် တဖက်ကလည်း အပစ်ရပ်အဖွဲ့တွေကို ဆွဲဆောင်တဲ့သဘောလို့ပြောနိုင်ပါတယ် ''**

''KNU နဲ့ နအဖတို့ သဘောတူ ထားတဲ့ သဘောတူညီချက်အရ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပါတယ်။ သို့သော်လည်း နအဖဖက်က ကျနော်တို့ကိုပြောပြချက်အရ သူတို့အလုပ်တအားများနေလို့ သူတို့အချိန်မပေးနိုင်သေးဘူးလို့ပြောနေတယ်။ ကျနော်တို့နဲ့ ဆွေးနွေးပွဲမလုပ်နိုင်တာ ဗိုလ်ချုပ်ခင်ညွန့်အရေးယူခံရပြီးကတည်းက အခုထိပါဘဲ။ ရှေ့မတိုးနောက်မဆုတ်ဖြစ် နေတဲ့သဘောဗျ။

တချို့ဒေသအလိုက် စစ်ဆင်ရေး တွေမှာ အောက်ခြေကသဘောတူ ညီချက်တွေ ညှိနှိုင်းမှုတွေ ရှိသလို လိုကြားရတာဟာ တခါတခါစစ် အစိုးရရဲ့အားထုတ်မှုက တိုင်းရင်း သားအချင်းချင်း မညီမညွတ်ဖြစ်ပြီး ခွဲထွက်အောင် လုပ်တဲ့သဘောဘဲ။ တိုင်းရင်းသားလူမျိုးစုတွေထဲမှာ တော်တော်တွေ့ရတယ်။ KNU အ တွင်းမှာလည်း ဒါမျိုးတွေရှိပါတယ်။ KNLA တပ်မဟာ 7 က စစ်အစိုး ရနဲ့ သွားဆက်သွယ်ဆွေးနွေးတယ်ဆိုတာ မဟုတ်ပါဘူး။ တရားဟောဆရာတစ်ယောက်ရှိတယ်။ သူ့ကိုလည်း KNU က ထုတ်ထားတယ်။ သူက KNU နာမည်သုံးပြီး သူ့ဟာသူ လျှောက်လုပ်နေတာဖြစ်တယ်။ နအဖကြောင့် KNU စိတ်ဝမ်းကွဲတာမရှိပါဘူး''။

**(KNU အတွင်းရေးမှူးဇဒိုမန်းရှာ)**

''အမျိုးသားညီ လာခံဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံကိုရေးဆွဲတဲ့နေရာဖြစ်လို့ ဒါကတော်တော်အရေးကြီးပါတယ်။ အနာဂတ်ပြဿနာကိုလည်း အဆုံးအဖြတ်ပေးမဲ့နေရာလည်းဖြစ်တယ်။ ကျနော်တို့အလေးထားပါတယ်။ ဒါပေမယ့် ဒီအပတ်ကျင်းပမဲ့ အမျိုးသားညီလာခံမှာ အဓိကအကြောင်း ရင်း နှစ်ရပ်အပေါ် အခြေခံပြီးတော့ ကျနော်တို့အဖွဲ့အစည်းအနေနဲ့ ကိုယ်စားလှယ်မလွှတ်တော့ဘူးလို့ ဆုံးဖြတ်ပါတယ်။ တစ်အချက်က ကျနော်တို့ညီလာခံကို နှစ်ကြိမ်တက်ခဲ့ပါတယ်။ ပထမအကြိမ်မှာ မိမိတို့အဖွဲ့ရဲ့သီး ခြားအမြင်၊ နောက်ပိုင်း 13 ဖွဲ့ပူးပေါင်းပြီးတော့ တင်တဲ့အမြင်တွေရှိတယ်။ အဲဒီတင်ပြချက် အပေါ်မှာကျနော်တို့ ဘက်က ပြန်လည်သုံးသပ်ကြည့်ရင် ဖြစ်သင့်ဖြစ်ထိုက်တဲ့အချက် တွေကို ကိုမှရွေးပြီးတင်တာပါဘဲ။ ကျနော်တို့တင်တဲ့အချက်တွေ အပေါ် အမျိုးသားညီလာခံရဲ့အခြေခံမူတွေနဲ့မကိုက်ညီဘူးဆိုပြီးတော့ ဒါကိုပြင်ဆင်ဖြည့်စွက်ပေးတာမရှိပါဘူး။ မှတ်တမ်းတင်ထားတာဘဲရှိပါတယ်။ ဒုတိယအကြိမ်ကျတော့ သဘောထားအမြင်တွေ ထပ်တင်ဖို့မပေးတော့ဘူး။ ကိုယ့်အမြင်ကိုတင်ဖို့ကြိုးစားတယ်ဆိုရင် အမျိုးသားညီလာခံကို အနှောက်အယှက်ပေးသလို ဖြစ်ပါလိမ့်မယ်။ ဒါကိုကျနော်တို့မဖြစ်စေလို့ပါ။ ဒုတိယအချက် MNSP ဟာ 3 နှစ် တစ်ကြိမ်ပါတီညီလာခံကျင်းပနေတာဖြစ်တယ်။ ဒါကြောင့် ဌာနတာ ဝန်ခံတွေမအားမလပ်ဖြစ်နေတယ်။ အဲဒီအခြေခံအကြောင်းအချက်တွေကြောင့် အမျိုးသားညီလာခံ မတက်တော့ဘူးလို့ဆုံးဖြတ်တာ ဖြစ်ပါတယ်။''

**(မွန်ပြည်သစ်ပါတီ NMSP အတွင်းရေးမှူး နိုင်ဟံသာ)**

''တိုင်းရင်းသားနိုင်ငံရေးကဏ္ဍမှာ တိုးတက်မှုမရှိပေမယ့် အရင်ပကတိရှိတဲ့အတိုင်းတော့ ရှိသေးတယ်လို့ပြောလို့ရတယ်။ နောက်



INDP 222 Burmese.pmd 30 25/1/2549, 13:28

တစ်ခု ကချင်ထဲမှာ သူတို့ဟာသူတို့ခွဲထွက်တာတွေရှိတယ်။ ခွဲထွက်တဲ့သူတွေအတွက်လည်း နေရာပေးတယ်။ သူတို့အဖွဲ့မှာ အပစ်ရပ်အဖွဲ့အနေနဲ့ နေတာလည်းရှိတယ်။ ညီလာခံတက်တဲ့လူတွေလည်း ရှိတယ်။ ညီလာခံတက်တဲ့လူတွေ နောက်ဆုံးတိုးတက်မှုမရှိပေမယ့် မတက်တာထက် တက်တာက ပိုကောင်းမယ်ဆိုပြီး တက်တာတွေလည်း ရှိတယ်။ ကချင်နဲ့ ဝ တို့က စစ်အစိုးရနဲ့ ဆက်လက် လက်တွဲ ညီနေတုံးဘဲဆိုတာ တွေ့မြင်နိုင်ပါတယ်။ နောက်ပိုင်းမှာ စစ်အစိုးရက အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲနဲ့ ပြည်တွင်းက ကျနော်တို့ရဲ့ UNLD ကိုဖျက်သိမ်းတယ်၊ ပယ်ဖျက်တယ်၊ ပယ်ဖျက်ပြီး နောက်ပိုင်း ကျန်တဲ့လူမျိုးစုပါတီတွေလည်း တစ်ခုပြီးတစ်ခု ဖျက်သိမ်းလိုက်တာရှိတယ်။ ဒါပေမဲ့ သူတို့ပါတီနဲ့သူတို့ ဆက်လက်ဆောင်ရွက်နေတာရှိတယ်။ နောက်ဆုံး UN ကိုယ်စားလှယ်ရာဇာလီ၊ ပင်ညဲရိုးတို့က နိုင်ငံရေးရှုတ်ထွေးမှုတွေပြေလည် ရာပြေလည်ကြောင်း လာရှာတော့ လူမျိုးစုတွေကို စုပေါင်းပြီး အလွယ် တကူခေါ်နိုင်ဖို့ UNA အနေနဲ့ UNLD နေရာအစား လုပ်ပြီးတော့ဆက်လက် ရပ်တည်နေကြတယ်။

**(ဗိုမီးအမျိုးသားကွန်ကရက်ဥက္ကဌ ပူကျင့် ရှင်းထန်)**

> **"အားလုံးကိုခြုံကြည့်လိုက်ရင် 2005 ခုနှစ်ထဲမှာ တိုင်းရင်းသားလူမျိုးစုများနဲ့ နအဖ စစ်အစိုးရရဲ့ ဆက်ဆံမှုအနေအထားဟာ တိုးတက်မှုမရှိဘူး။ ဆုတ်ယုတ်မှုကိုဘဲဦးတည်တယ်တို့မြင်ပါတယ်"**

"အပစ်ရပ်အဖွဲ့အတော်များများ နိုင်ငံရေး အရကျဆင်းလာတယ်။ ဘဏ္ဍာရေးမှာလည်း ကျဆင်းတယ်။ လူထုစည်းရုံးရေးလည်းကျဆင်းတယ်။ သူတို့အင်အားလည်းကျဆင်းတယ်။ အစစအရာရာ ကျဆင်းတယ်လို့ သူတို့ကိုယ်တိုင်ကဘဲ ဝန်ခံတာတွေရှိရပါတယ်။ အားလုံးကိုခြုံကြည့်လိုက်ရင် 2005 ခုနှစ် ထဲမှာ တိုင်းရင်းသား လူမျိုးစုများနဲ့ နအဖစစ် အစိုးရရဲ့ဆက်ဆံမှု အနေအထားဟာ တိုးတက်မှုမရှိဘူး။ ဆုတ်ယုတ်မှုကိုဘဲ ဦး တည်တယ်တို့မြင်ပါတယ်"။

**(ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ခွန်မန်ကိုဗန်း)**

"နအဖရဲ့ အမျိုးသားညီလာခံက ရေးဆွဲနေတဲ့ဖွဲ့စည်းပုံမှာ သူတို့ပုံစံပြည်ထောင်စုစနစ်သစ်ကို မိတ်ဆက်ပေးနေတာတွေ့ရတယ်။ တိုင်းဒေသကြီးလို့ခေါ်ပြီးတော့ တိုင်းဒေသကြီးကတဆင့် တချို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဆိုပြီးအဆင့်အမျိုးမျိုး အခွင့်အရေး အမျိုးမျိုးခွဲဖို့ ဖွဲ့စည်းပုံအရစီစဉ်ပေးတဲ့အနေနဲ့ ပြည်တွင်းမှာလုပ်နေတာတွေ့ရတယ်။ ကျနော့်အမြင်ပြောရရင် တကယ့်စစ်မှန်တဲ့ တိုင်းရင်းသား တွေရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်၊ တိုင်းရင်းသားတွေရဲ့ စစ်မှန်တဲ့တန်းတူအခွင့်အရေးရဖို့ကတော့ မလွယ်ဘူးထင်တယ်။ ဒီလို တိုင်းဒေသတွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ဖွဲ့စည်းပေးပေမယ့် စစ်တပ်က ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်အထိ လိုက်ပြီးတော့အရေးကြီးတဲ့ အဆင့်ဆင့်ဌာနတွေမှာ စစ်တပ်ကတောက်လျှောက် ပါဝင်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ရှိနေတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုတာလည်း စစ်မှန်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မဖြစ်တော့ဘူး။ စစ်တပ်ကပါဝင်တဲ့ စစ်တပ်ရဲ့အုပ်ချုပ်မှု အောက်မှာရရှိတဲ့ အဆင့်ဘဲဖြစ်မယ်လို့မှန်းလို့ရပါတယ်"။

**(ပအိုဝ်းပြည်သူ့လွှတ်မြောက်ရေးအဖွဲ့ ချုပ် PPLO ဥက္ကဌ ခွန်ဥက္ကာ)**

> **" သူတို့ရေးဆွဲနေတဲ့ အခြေခံဥပဒေသာ အတည်ပြုသွားရင် ကျနော်တို့ တိုင်းပြည်ရဲ့ အနှစ် ၅၀ ပြည်တွင်းစစ်က အနှစ် ၁၀၀ ပြည်တွင်းစစ် ဖြစ်သွားမှာဘဲ "**

"ကျနော်တို့ ရေးဆွဲထားတဲ့ အ ခြေခံဥပဒေဟာ ပင်လုံစိတ်ဓါတ်ကိုအခြေခံတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူအခွင့်အရေးရရှိရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးနဲ့ ပြည်ထောင်စုတဝှမ်းလုံး တိုင်းသူ ပြည်သားအားလုံးရဲ့ ဒီမိုကရေစီနဲ့ အခြေခံလူ့အခွင့်အရေး အာ မခံမှုရရှိရေးအပေါ်မှာအခြေခံတယ်။ ကျနော်တို့ရေးဆွဲနေတဲ့ အခြေခံ ဥပဒေဟာ ဒီမိုကရေစီရရှိရေးအတွက်သော်လည်းကောင်း၊ တန်းတူရေး အတွက်သော်လည်းကောင်း၊ ကိုယ်ပိုင်ပြဌါန်းခွင့် အတွက်သော်လည်းကောင်း၊ အနှစ် 50 ပြည်တွင်းစစ် အဆုံး သတ်ရေးအတွက်သော်လည်းကောင်း၊ အာမခံချက်ပေးနိုင်တယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ နှိုင်းယှဉ်ပြီးပြောမယ်ဆိုရင် နအဖဟာ စစ်အာဏာရှင်စနစ်ကို ကာကွယ်ပြဌါန်းဖို့အတွက် အမျိုးသားညီလာခံခေါ် ယူကျင်းပနေပါတယ်။ အဲဒီကထွက်လာမယ့် အခြေခံဖွဲ့စည်းပုံဥပဒေတွေလည်းပဲ ဒီမိုကရေစီကိုရည်ရွယ်ထားတာမရှိဘူး။ တိုင်းပြည်ငြိမ်းချမ်းရေးကို ရည်ရွယ်ထားခြင်းမရှိပါဘူး။ စစ်အာဏာရှင်စနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ကာကွယ်ဖို့ဘဲရည်ရွယ်နေပါတယ်။ သူတို့ရေးဆွဲနေတဲ့ အခြေခံဥပဒေသာ အတည်ပြုသွားရင် ကျနော်တို့တိုင်းပြည်ရဲ့ အနှစ် 50 ပြည်တွင်းစစ်က အနှစ် 100 ပြည် တွင်းစစ်ဖြစ်သွားမှာဘဲ"။

**(UNLD-LA နှင့် EN C အတွင်းရေးမှူး ဒေါက်တာ ဆလိုင်းလျဲန်မှုန်း ဆာခေါင်း)**

2005 ခုနှစ်အတွင်း တိုင်းရင်းသားအုပ်စုနဲ့ နအဖတို့ဆက်ဆံရေး အခြေအနေကို ခြုံငုံသုံးသပ်ရရင် ပိုမိုဖိနှိပ်ခံရတာတင်မက လူ့အခွင့်အရေးချိုးဖောက်မှုတွေလည်း ဆက်လက်ရှိနေသေးတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

BBC (3/01/06 ညပိုင်း)



INDP 222 Burmese.pmd 31 25/1/2549, 13:28

## နအဖ အတုအယောင် ညီလာခံအပေါ် အမြင်

"အခုလက်ရှိ ဒီကနေ့ပြန်စတဲ့ ညီလာခံနဲ့ ပတ်သက်ပြီး ကျနော်တို့ဆီကို ဖိတ်စာလည်းမရောက်ပါဘူး၊ တစုံတရာအကြောင်းကြားခြင်းလည်း မရှိပါဘူး၊ အမျိုးသားညီလာခံနဲ့ပတ်သက်ပြီး လက်ရှိစစ်အုပ်စုရော နိုင်ငံရေးပါတီတွေပါ အားလုံး ညှိနှိုင်းပြီး ညီလာခံကနေဆောင်ရွက်မယ်၊ ဆောင်ရွက်သင့်တယ်ဆိုတဲ့မူကိုတော့ ကျနော်တို့အစကတည်းက လက်ခံထားတယ်၊ ဒီနေရာမှာ တခုပြောချင်တာက ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပင်လုံကဲ့သို့သော ညှိနှိုင်းမှုညီလာခံမျိုး ဆောင်ရွက်သင့်တယ်လို့ ပြောထားတာရှိတယ်၊ ဆိုလိုတာက ညီလာခံတက်တဲ့ ကိုယ်စားလှယ်တွေနဲ့ပတ်သက်ပြီး အဖွဲ့အစည်းတွေကို အမှန်တကယ်ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေဖြစ်ဖို့လိုတယ်လို့ ကျနော်တို့လက်ခံတယ်၊ နောက်တခုဒီညီလာခံမှာ ဒီမိုကရေစီလုပ်ထုံး လုပ်နည်းကျင့်စဉ်တွေနဲ့ ညီညွတ်ဖို့လိုတယ်၊ အဲဒါကဘာလဲဆိုတော့ အပြန်အလှန်ညှိနှိုင်း ပြီးဆောင်ရွက်ဖို့ ဒါမျိုးရှိဘို့လိုအပ်တယ်လို့ ယုံကြည်တယ်"

**(NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း)**

"တိုင်းရင်းသားအုပ်စုထဲမှာ တရားဝင်ပါတီဖြစ်တဲ့ SNLD ကလည်း အစကတည်း ကမတက်ဘူး၊ နောက်ပြီးတော့ အဓိကလူတွေက ထောင်ထဲမှာရှိနေတယ်ဆိုတော့ ညီလာခံက တရားတယ် မတရားဘူး၊ ဒီမိုကရေစီဘက်ကို ဦးတည်တယ် ဦးမတည်ဘူးဆိုတာ နောက်ဆုံးအဖြေကပေါ်လာလိမ့်မယ်၊ ကျနော်တို့မြင်တာကတော့ Road Map ၇ ချက်ဆိုတာ ဒီမိုကရေစီဘက်ကို ဦးမတည်တဲ့အတွက်ကြောင့် အဲဒါကိုမလုပ်ခင် ကျနော်တို့တိုင်းရင်းသားအုပ်စုတွေရော၊ နောက်ပြီးတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရော အခုအုပ်စိုးနေတဲ့အစိုးရတွေပါ ဘယ်လိုဘယ်ပုံလုပ်မယ်ဆိုတာ အရင်ညှိနှိုင်းပြီး အဲဒီအတိုင်းသွားရလို့မြင်တယ်၊ အခုသူတို့ပြောသလို မင်းတို့ပါပါ မပါပါ ရပါတယ်ဆိုပြီးလုပ်ရင်တော့ တခုခုထွက်လာတဲ့ဟာ ပြည်သူလူထုက လက်ခံမလား၊ ကမ္ဘာကလက်ခံ နိုင်မလား ဆိုတာကတော့ အဲဒီနေ့ကျမှသိမှာပေါ့"။

**(UNA ပြောခွင့်ရပုဂ္ဂိုလ်ဦးကျင့်ရှင်းထန်)**

# NDD ဥက္ကဌ မခင်ဥမ္မာနှင့် တွေ့ဆုံခြင်း



NDD ခေါ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုသည် မကြာသေးခင်ကပြုလုပ်ခဲ့သော ဒုတိယအကြိမ်ညီလာခံမှ ၂၀၀၅–၂၀၀၇ ခုနှစ်အတွက် ဥက္ကဌအဖြစ်မခင်ဥမ္မာကို ရွေးချယ်တင်မြှောက်ခဲ့သည်။ NDD သည် နယ်စပ်အခြေစိုက်နိုင်ငံရေးအဖွဲ့အစည်းများအကြား ပထမဦးဆုံးအမျိုးသမီးဦးဆောင်သည့် အဖွဲ့ဖြစ်လာသည်။ သူမသည် မြန်မာနိုင်ငံအမျိုးသမီးများသမဂ္ဂ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ (WLB)၏ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ်မှ ညှိနှိုင်းဆောင်ရွက်ရေးမှူးလည်း ဖြစ်သည်။

"နိုင်ငံရေး Culture (ယဉ်ကျေးမှု) အသစ်တခုကို ကြိုးစားပြီးတည်ဆောက်ချင်တာ။ ရှေးရိုးစဉ်လာသွားနေတဲ့ Personalized (ပုဂ္ဂလိက)နိုင်ငံရေးပုံစံတခုအခြေအနေကနေ Institutionalize (အဖွဲ့အစည်း)အဆင့်ကို ပြောင်းလဲဖို့ ကျမတို့နိုင်ငံရေးလှုပ်ရှားမှု ပုံစံအသစ်တခု စလိုက်တာပါပဲ"။

"၁၇–နှစ်တာကာလတလျှောက်လုံး အမျိုးသားပြန်လည်သင့်မြတ်ရေးအ တွက် တွေ့ဆုံဆွေးနွေးအဖြေရှာမှသာ တိုင်းပြည်ရဲ့–ပြဿနာတွေကို အဖြေမှန်ပေးနိုင်လိမ့်မယ်လို့ စစ်အစိုးရကို ဝိုင်းပြီးတိုက်တွန်းခဲ့ကြပေမယ့် ဒီတခေါက်နအဖက ပွင့်ပွင့်လင်းလင်းနဲ့ ဒါဟာပြဒါးတလမ်း၊ သံတလမ်းပါလို့ ပြောဆိုလာတော့ တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို ငြင်းလိုက်တဲ့သဘောမျိုးပေါ်တယ်။ ကျမမြင်တာက ခုလိုပြည်သူတွေရှေ့မှောက်မှာ ထုတ်ဖေါ်ပြောလာတာက တိုင်းပြည်ကိုချောက်ထဲကျအောင်လို့ အနာဂတ်မြန်မာပြည်အတွက် အင်မတန်အန္တရာယ်ကြီးတယ်လိုမြင်တယ်"။

"မြန်မာနိုင်ငံမှာ စစ်တပ်ကလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အခွင့်အရေးချိုးဖောက်မှု တွေပေါ်မှာ အရေးယူပေးမှုမရှိတဲ့အပြင် စစ်တပ်ကိုယ်တိုင်က နယ်စပ်ဒေသတွေမှာ တိုင်းရင်းသူ အမျိုးသမီးတွေကို မုဒိမ်းကျင့်စော်ကားနေတာတွေကို မျက်ကွယ်ပြု၊ လျစ်လျူရှုနေပြီး ဘာမှအရေးမယူဘဲထားတဲ့ကိစ္စတွေ။ ဒါတွေအားလုံးကို အရေးယူဆောင်ရွက်ပေးရမယ်။ ရပ်တန့်ပေးရမယ်"။

"ညီလာခံထဲမှာ တိုင်းရင်းသားလက်နက်ကိုင်အပစ်အခတ်ရပ်စဲထားတဲ့ အုပ်စုတွေပါနေတယ်။ သူတို့ကကော တန်းတူအခွင့်အရေးတွေကို အခြေခံတဲ့ဒီမိုကရေစီစနစ်ကိုတောင်း ဆိုကြမှာပဲ။ တောင်းဆိုမှုတွေရှိခဲ့တယ်ဆိုတာသိရတယ်။ ဒီအပေါ်မှာ နအဖက မစဉ်းစားပေးဘူး။ လုံးဝမသိချင်ဆောင်မျက်ကွယ်ပြုနေ သေးတယ်ဆိုရင် သေနတ်ပြောင်းဝတွေ့ပြီးတော့မှ ထမင်းစားခိုင်းသလို ဖြစ်နေမယ်။ နအဖအနေနဲ့ တဦးကိုတဦး နေရာပေးပြီး လေးစားမှု၊ နားလည်မှုတွေ မတည်ဆောက် နိုင်သေးဘူး၊ ပွင့်ပွင့်လင်းလင်း အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုမရှိသေးဘူးဆိုရင် အောင်မြင် နိုင်မယ့် ညီလာခံဖြစ်မှာမဟုတ်ပါဘူး"။

**မဇ္ဈိမ အတွဲ ၃၊ အမှတ်–၁၂၊ ဒီဇင်ဘာ ၂၀၀၅ စာစောင်မှ ကောက်နှုတ်ဖေါ်ပြသည်။**



INDP 222 Burmese.pmd 32 25/1/2549, 13:28

# လာပြန်ပြီအပြုသဘောဆက်ဆံရေး

၈၈၈၈ မျိုးဆက်ကျောင်းသား များရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖိတ်ခေါ်တဲ့ ထုတ်ပြန်ကြေငြာချက်ကို အကြောင်းပြုပြီး ကြိုဆိုထောက်ခံသူတွေနဲ့ ဝေဖန်သံတွေ ထွက်ပေါ်လာပါတယ်။ သူ့နည်းသူ့ဟန်နဲ့ လျော်ကန်ကြောင်း အကြောင်းပြချက်ပေါင်းစုံ တင်ပြကြပါတယ်။ အဓိကထားတင်ပြကြတာက တော့ ဒီနေ့အထိဒုက္ခပေါင်းစုံနဲ့ ရင်ဆိုင်ခံစားနေရတဲ့ ပြည်သူလူထုကိုအကျိုးပြုရေး အတွက်ပါပဲ။

ကျောင်းသားများရဲ့ ခံယူချက်သဘောထား၊ နိုင်ငံတကာကျောင်းသားများရဲ့ ရပ်တည်ချက်တွေကို လေ့လာကြည့်တော့ ဝေဖန်သူများက ကျောင်းသားဆိုတာလက်ဝဲဝါဒသမား တိုက်ခိုက်ရေးသဘောထားရှိသူများလို မြင်ကြတာရှိတယ်။ စာရေးသူအမြင်မှာတော့ ကျောင်းသားဆိုတာ လက်ဝဲလက်ျာဝါဒရယ်လို့ မရှိပါဘူး။ တိုက်ခိုက်ရေးသဘောထားတော့ရှိပါတယ်။ လက်ဝဲဝါဒ ကျင့်သုံးတဲ့နိုင်ငံမှာ ကျောင်းသားတွေ လှုပ်ရှားတိုက်ပွဲဝင်ကြပါတယ်။ လက်ျာဝါဒကျင့်သုံးတဲ့နိုင်ငံမှာလည်း ကျောင်းသားတွေလှုပ်ရှား တိုက်ပွဲဝင်ကြပါတယ်။ လက်ျာဝါဒကျင့်သုံးတဲ့နိုင်ငံမှာလည်း ကျောင်းသားတွေလှုပ်ရှား တိုက်ပွဲဝင်ကြပါတယ်။ ဘယ်ဝါဒကျင့်သုံးတဲ့အစိုးရမဆို မိဘပြည်သူလူထုအကျိုးစီးပွါးကို ပျက်စီးကြောင်းပြုခြင်း၊ ဖိနှိပ်အနိုင်ကျင့်ခြင်း၊ မတရားတဲ့ဥပဒေတွေပြဋ္ဌာန်းပြီးအုပ်ချုပ်ခြင်း၊ တ ရားစီရင်ခြင်းများပြုလာရင် မိဘ ပြည်သူရဲ့သားသမီးပီသစွာ ဒိုင်း လွှားသဖွယ် ကာကွယ်ခြင်းနဲ့ ရှေ့တန်းတက် တိုက်ပွဲဝင်ခြင်းများ လုပ်ဆောင်ကြပါတယ်။ နိုင်ငံ တကာလူ့အဖွဲ့အစည်း ပြောင်းလဲတိုးတက်လာတဲ့ ဖြစ်စဉ်တလျှောက်မှာ ကျောင်းသားများရဲ့ တောက်တောက်ပြောင်ပြောင်တိုက်ပွဲဝင်ခဲ့ အခန်းကဏ္ဍဟာအထင်အရှားဖြစ်ပါတယ်။ အထူးသဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲတွေမှာ ကျောင်းသားတွေ ရှေ့တန်းကနေ တိုက်ပွဲဝင်ခဲ့ကြတာပါ။ မတရားဖိနှိပ်သူ ဘယ်အင်အားစုကိုမဆို ဒီနေ့အထိ ဆက်လက်တိုက်ပွဲဝင်နေတုန်းပါဘဲ။


ကိုကိုကြီး


မင်းကိုနိုင်


ကိုပြုံးချို


ကိုဌေးကြွယ်

> “ဘယ်ဝါဒကျင့်သုံးတဲ့အစိုးရမဆို မိဘပြည်သူလူထုအကျိုးစီးပွါးကို ပျက်စီးကြောင်းပြုခြင်း၊ ဖိနှိပ်အနိုင်ကျင့်ခြင်း၊ မတရားတဲ့ဥပဒေတွေပြဋ္ဌာန်းပြီး အုပ်ချုပ်ခြင်း၊ တရားစီရင်ခြင်းများပြုလာရင် မိဘပြည်သူရဲ့သားသမီးပီသစွာ ဒိုင်းလွှားသဖွယ်ကာကွယ်ခြင်းနဲ့ ရှေ့တန်းတက်တိုက်ပွဲဝင်ခြင်း များ လုပ်ဆောင်ကြပါတယ်”

ဒီမိုကရေစီနိုင်ငံ ပြည်သူလူထု ရဲ့မွေးရာပါ အခြေခံရပိုင်ခွင့်တွေဖြစ်တဲ့ လွတ်လပ်စွာနေထိုင်ခွင့်၊ လွတ်လပ်စွာအသက်မွေးဝမ်းကျောင်းပိုင်ခွင့်၊ လွတ်လပ်ခွင့်တွေကို အကျိုးပြုအာမခံပေးတဲ့ ပြည်သူ့ကိုယ်စားပြု အစိုးရအုပ်ချုပ်တဲ့နိုင်ငံတွေမှာ ကျောင်းသားတွေဟာ ငြိမ်းချမ်းစွာ ပညာသင်ကြားရေး၊ အားကစားရေးရာနဲ့ လူငယ်သဘာဝပျော်ရွှင်ရေး တွေသာ လုပ်ဆောင်ကြတာတွေရ ပါတယ်။

ဒါပေမယ့် ဒီနေ့ကမ္ဘာ့လူ့လောက အဖွဲ့အစည်းရဲ့ ပြောင်းလဲတိုးတက် နေတဲ့ဖြစ်စဉ်ကနေ နောက်ပြန်ဆုတ်ပြီး တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးတွေမှာ ပြည်သူလူထုရဲ့အကျိုးစီးပွါးဖြစ်ထွန်းမှုကို ဆန့်ကျင်ဦးတည်နေတဲ့ ပြည်သူလူထုကိုဒုက္ခဆင်းရဲဖြစ်စေပြီး ဖိနှိပ်အနိုင်အကျင့်နေတဲ့၊ ဘဝရပ်တည်ရေးအတွက် လုံခြုံမှုကိုပင် မဆောင်ကျဉ်းပေးနိုင်တဲ့ ဗမာပြည်မှာတော့ ကျောင်းသားတွေရဲ့ အနေအထားဟာ ၁၉ ရာစုနှစ်ကလို နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးပုံစံအတိုင်း မိဘ ပြည်သူများနဲ့အတူ ရှေ့တန်းကနေ တိုက်ပွဲဝင်သွားရမှာက ကျောင်းသားများရဲ့ မလွှဲမရှောင်သာထမ်းဆောင် ရမဲ့တာဝန်ပါပဲ။ ဗမာပြည်ရဲ့ဖြစ်စဉ်သမိုင်းတလျှောက်လုံးမှာ ကျောင်းသားတွေဟာ ဒီတာဝန်ကိုတောက် ပြောင်စွာထမ်းဆောင်ခဲ့ပါတယ်။ ကျောင်းသားခေါင်းဆောင်များဖြစ်ကြတဲ့ ကိုအောင်ဆန်း၊ ကိုဘဟိန်း၊ ကိုနု၊ ကိုစိုး၊ ကိုသန်းထွန်းတို့ဟာ နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့လက်အောက်က လွတ်မြောက်ဘို့ ဦးဆောင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။

ဒါပေမယ့် အာဏာရူး၊ ကိုယ်ကျိုးသမား၊ တိုင်းပြည်သစ္စာဖောက် ဗိုလ်နေဝင်းကတော့ ၁၉၆၂ မှာ တိုင်းပြည် အာဏာသိမ်းပြီး စစ်ပဒေသရာဇ်အာဏာရှင်စနစ်နဲ့ မတရားအုပ်ချုပ်လာတာ မဆလ လက်ထက်ကနေ ဒီနေ့နဝတ၊ နအဖ ခေတ်အထိ ပါပဲ။ ပြည်သူတွေကတော့နေ့တဓူဝစား ဝတ်နေရေး ကြပ်တည်းပြီး ဘဝလုံခြုံမှုကင်းမဲ့နေရတာ တိုင်းပြည်နဲ့အဝှမ်း ပါ။

တနိုင်ငံလုံးအတိုင်းအတာနဲ့ ဒီလို အခြေအနေတွေဖြစ်နေတာကို တွေ့မြင်ကြားသိရတဲ့ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နဲ့

ကိုကိုကြီး အပေါင်းပါတစုဟာ အထိန်းအသိမ်းခံဘဝက လွတ်မြောက်လာတော့ ကျောင်းသားတွေရဲ့ စိတ်ဓါတ်ခံယူချက်အတိုင်း မိဘပြည်သူတွေ လက်ရှိရင်ဆိုင်ခံစားနေရတဲ့ ဒုက္ခအပေါင်းကနေ လွတ်မြောက်ဘို့အတွက် နည်းလမ်းရှာကြပါတယ်။ ခါးသီးတဲ့ အတွေ့အကြုံအရ စစ်အာဏာရှင်ကို (ဒို့အရေး)[၂] အောင်ပြီးတိုက်တာ မရတာကြောင့် တဆင့်လျှော့ပြီး စစ်အာဏာရှင်နဲ့လက်တွဲ လုပ်ဆောင်သွားနိုင်ရေးကိုခံ ယူလိုက်ကြတာပါ။ ဒီကျောင်းသား ခေါင်းဆောင်တစုရဲ့ အမြင်အရ တိုင်းပြည်ရဲ့ဒီနေ့လိုအပ်ချက်အရ လုပ်ဆောင်သွားရေးမှာ–

၁) အမျိုးသားပြန်လည်သင့်မြတ်ရေး၊
၂) ပြည်သူတွေရဲ့ ပညာရေး၊ ကျန်း မာရေး၊ လူမှုရေး ကဏ္ဍမှာ စစ်အာဏာရှင်တို့နဲ့ လက်တွဲလုပ်ဆောင်သွားရေး၊
၃) နိုင်ငံတကာမှာ လူသားချင်းစာနာမှု အကူအညီတွေရလာအောင် တောင်းခံသွားရေး၊
၄) ပြည်သူအကျိုးပြု လုပ်ငန်းတွေမှာ နအဖနဲ့ လက်တွဲလုပ်ဆောင်ရင်း နအဖနဲ့ နားလည်မှုတိုးတက်ရရှိရေး၊ ယုံကြည်မှုတည်ဆောက်သွားရေး၊
၅) လူမှုရေးအခြေခံ ပြုပြင်လုပ်ဆောင်မှုကနေ တဆင့်တက်ပြီးနိုင်ငံ ရေးပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်သွားဘို့ စတာတွေဖြစ်ပါတယ်။

ဒီအဆိုပြုချက်တွေကို ထုတ်ပြန်တင်ပြလိုက်တော့ ပြည်တွင်းပြည်ပ NLD ပါတီ၊ ဒီမိုကရေစီအင်အားစုတို့က ဝမ်း မြောက်ဝမ်းသာကြိုဆိုထောက်ခံလိုက်ကြပါတယ်။ အခြေအနေအရပ်ရပ်ကိုခြုံငုံလေ့လာကြည့်လိုက်တော့ စာရေးသူအမြင်မှာဒီတင်ပြ ချက်တွေဟာ ရန်သူနအဖနဲ့ အပြုသဘောဆက်ဆံရေးဘဖြစ်ပါတယ်။ ဒီလုပ်နည်း လုပ်ဟန်တွေအောင်မြင်မှုရ မရဆိုတာ ၁၉၉၇ ကနေ ဒီနေ့အထိ ဖြေရှင်းခဲ့ကြတဲ့ အတွေ့အကြုံတွေကို ကြည့်ရင်သိနိုင်ပါတယ်။ စပျစ်ဝိုင်ပုလင်းအဟောင်းကို တံဆိပ်အသစ်ပြန်ကပ်ထည့်လိုက်တယ်လို့ဘဲ မြင်ပါတယ်။ အကြောင်းကတော့ –

၁) ဒီမိုကရေစီပြန်လည်ထွန်းကားရေး ဆိုတဲ့ အကြောင်းပြချက်နဲ့ နအဖ စစ်အာဏာရှင်တွေအပေါ် အပြုသဘောဆက်ဆံရေး Constructive Engagement ကျင့်သုံးသွားဖို့ဆုံးဖြတ်ပြီး ဗမာပြည်ကို ASEAN ဆယ်နိုင်ငံအဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ်မှာ လက်ခံလာပေမဲ့ ဒီနေ့အထိဘာ အောင်မြင်မှုမရဘဲ တိုးမရဆုတ်မရဖြစ်နေပါတယ်။
၂) ဒုတိယအကြိမ် အကျယ်ချုပ်အထိန်း သိမ်းခံရတုံးက ဒေါ်စုကိုယ်တိုင် ချမှတ်လုပ်ဆောင်ခဲ့တဲ့ နအဖ နဲ့နားလည်မှု ရယူရေး၊ ယုံကြည်မှုတည်ဆောက်ရေး ဆိုတာတွေလဲပဲ နအဖနဲ့အပြုသဘော ဆက်ဆံရေးပါဘဲ။ အထိန်းသိမ်းခံ ဘဝက လွတ်မြောက်လာပြီး လက်တွေ့အကောင် အထည်ဖေါ်လုပ်ဆောင်တော့ ဒီပဲယင်းမှာအစုလိုက်အပြုံလိုက်ဖြိုခွင်း ရိုက်သတ်ခံကြရပါတယ်။

> **“စစ်အာဏာရှင်ကို (ဒို့အရေး)[၂] အောင်ပြီးတိုက်တာ မရတာကြောင့် တဆင့်လျှော့ပြီး စစ်အာဏာရှင်နဲ့ လက်တွဲလုပ်ဆောင်သွားနိုင်ရေးကို ခံယူလိုက်ကြတာပါ”**

၃) အမေရိကန်အခြေစိုက် ဒေါက်တာဇာနည်တို့က နအဖအပေါ် နိုင်ငံတကာဖိအားပေါင်းစုံနဲ့တိုက်ပွဲဝင် ရေးကနေ သွေဖီပြီးရန်သူနဲ့ပူးပေါင်း လက်တွဲလုပ်ဆောင်သွားရေးအတွက် တိုက်ဖော်တိုက်ဖက်တွေကိုကျော်ခိုင်းခဲ့တယ် တိတ်တဆိတ်ရန်ကုန်သွားပြီး နအဖနဲ့ ညှိနှိုင်းဘို့ကြိုးစားခဲ့ပါတယ်။ ဒါဟာလဲနအဖနဲ့ အပြုသဘောဆက်ဆံရေးပါဘဲ။ (ပြည်တွင်းပြည်ပ ဒီမိုကရေစီ အင်အားစုရဲ့ ဆန့်ကျင်ကန့်ကွက်မှုကို အပြင်းအထန်ရင်ဆိုင်ရတဲ့အပြင် ဗိုလ်ခင် ညွန့်ပြုတ်တော့ သူ့မဟာစီမံကိန်း ပျက်သွားရပါတယ်)။
၄) ၈၈၈၈ မျိုးဆက်ကျောင်းသား များရဲ့ တင်ပြချက်တွေလဲဘဲ (ရိုးသားတဲ့ စေတနာ အစစ်အမှန်နဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုကနေ နိုင်ငံရေးပြောင်းလဲမှုအဆင့်ကို ဦးတည်ထားပေးခဲ့) နအဖနဲ့အပြုသဘောဆက်ဆံရေးပါဘဲ။ ဒီတခါပြည်တွင်းပြည်ပ ဒီမိုကရေစီအင်အားစုတွေ ဘာ့ကြောင့်အားတက်သရောထောက်ခံကြိုဆိုပြီး မကန့်ကွက်ကြတာလဲ?။

ASEANရဲ့ နအဖနဲ့အပြုသဘော ဆက်ဆံရေးဟာ ဗမာပြည်ရဲ့သယံဇာတနဲ့ စီးပွါးရေးကို ဝါးမြိုလိုချင်တာကျ အဓိကဖြစ်ပြီး နအဖကို ရာနှုန်းပြည့်မလိုလားပေမဲ့ နိုင်ငံရေးကစားနေကြပါတယ်။

ဒေါ်စုတို့ ဒေါက်တာဇာနည်တို့ကတော့ ပရိယာယ်နဲ့ ပူးသတ်လိုတဲ့ သဘောအဖြစ်ယူဆရပြီး ကြိုတင်ကန်ထုတ်ထားတဲ့ သဘောဖြစ်နိုင်ပါတယ်။ ဒေါ်စုတို့ရဲ့NLD က ကိုင်တွယ်တဲ့နည်းနာ ၈၈၈၈ မျိုးဆက် ကျောင်းသားတွေထက် အများကြီးသာလွန်တဲ့ အင်အားနဲ့ လုပ်ဆောင်ခဲ့တာပါ။ ၈၈၈၈ မျိုးဆက်ကျောင်းသားများရဲ့ တင်ပြချက်ကို နအဖ က တုံ့ပြန်မှုမရှိပေမဲ့ ဒါလဲဘဲနအဖကို ပူးသတ်တဲ့နည်းနာတခုဖြစ်မယ်လို့ ယူဆမှာပါဘဲ။

သမိုင်းသင်္ခန်းစာအရ ဒီလိုချဉ်းကပ်ပူးသတ်တဲ့နည်းပရိယာယ်ရဲ့ အကျိုးဆက်အတွေ့အကြုံကတော့ –

၁) ၁၉၅၉ ဆိုဗီယက်မှာ ကရူးရှော့ဝါဒရဲ့ ငြိမ်း


INDP 222 Burmese.pmd 34 25/1/2549, 13:29

ချမ်းစွာ ယှဉ်ပြိုင်ရေး လုပ်ရှားမှု ဩဇာကြောင့် ဗမာပြည်မှာ လက်နက်နဲ့ ဒီမိုကရေစီလဲလှယ်ရေးလုပ်ခဲ့တာ လက်နက်ကိုင်အဖွဲ့အများအပြား လုံးပါးပါးခဲ့ကြတယ်။

၂) ၁၉၆၃ ဗိုလ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီနဲ့ တောတွင်းပါတီပေါင်းစုံတွေ့ဆုံဆွေးနွေးရေးမှာ နိုင်ငံရေးထိပ်သီး သခင်စိုး(အလံနီ) ကော်ကဆာ ဟံသာတာမွေး၊ ဗိုလ်လင်းထင်(KNU)တို့ ဉပဒေအတွင်း ဆက်လက်ဆွေးနွေးသွားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ လုပ်ဆောင်ခဲ့တယ်။ အားလုံးသဲထဲရေသွန်ဖြစ်သွားပါတယ်။

၃) ၁၉၆၇–၆၈ ရှမ်းပြည်မှာ လက် နက်ကိုင်အဖွဲ့တွေကို ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေအဖြစ် ထားရှိခွင့်ပြုမကြီးခင် ဖြိုခွဲလိုက်ပါတယ်။

၄) ၁၉၈၉ ကစပြီး ဒီနေ့အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်ရပ်စဲရေးလုပ်ခဲ့ပေမဲ့ 2000-01 ကစပြီး တဖွဲ့စီဖြိုခွဲနေပြန်ပါပြီ။ (2004-05) ထဲမှာ ပိုပြီးဖိအားပေးခြိမ်းခြောက် အကြမ်းဖက်လာပါတယ်။)

ဒီနေ့နအဖဟာ အပြင်ဗန်းပြမှာ ရှိသမျှအင်အားတွေထုတ်ပြီး **ကြမ်းရမ်းပြနေပေမယ့် တကယ့်ဆို အတွင်းအနစ်သာရကဘာမှမရှိပါဘူး။** ပြည်သူလူထုကို ဒုက္ခပေါင်းစုံကိုပေးတိုင်းပြည်ကိုဖျက်ဆီးထားတော့ သမိုင်းတရားခံဖြစ်နေမှန်းသိနေတာကြောင့်ဘယ်သူကိုမှ မယုံကြည်နိုင်



တော့တဲ့အပြင် အသိတရားကင်းလွတ်ပြီး အချင်းချင်းကို တောင်ပြန်ကြောက် နေရပါပြီ။ နအဖမှာ အားနည်းချက်ဘက် ပေါင်းစုံရှိနေတာကြောင့် ဒီမိုကရေစီဘက်တော်သားတွေ ကျောင်းသားတွေ ရန်သူကိုအထင်ကြီးပြီး အလျှော့ပေးနေဖို့မလိုတော့ပါ။ အထူးသဖြင့် သတ္တိပြောင်မြောက်တဲ့ ကျောင်းသားစိတ်ဓါတ်ကို စုစည်းခိုင်မာနေစေ ဖို့လိုပါတယ်။ ဒီနေ့မျိုးဆက်ကျောင်းသား တိုက်ပွဲမပြီးရင် နောင်မျိုးဆက်သစ်တွေအတွက် တိုက်ပွဲဝင်အောင်လံအမွေအနှစ် လက် ဆင့်ကမ်းပေးဖို့လိုပါတယ်။ ခွပ်ဒေါင်းအောင်လံကို ပေးမှာလား? ရန်သူ့အလိုကျ ကဒေါင်းအောင်လံ ကိုပေးမှာလား? ဒါပါ ဘဲ။

ဒီနေ့တိုင်း ပြည်ရဲ့ဒုက္ခပေါင်းစုံကို ကုစားချင်တယ်ဆိုရင် (စာရေးသူ အတွေ့အကြုံအရ) လူမှုရေးပြုပြင်ပြောင်းလဲမှုဟာ ခေတ္တကုစားမှုဘဲဖြစ်နိုင်ပါတယ်။ နအဖအာဏာသက်ဆိုးရှည်ရေးအတွက် တွန်းပို့အကျိုးပြုပေးတာပဲဖြစ်တယ်။ ၁၉၆၂ ကစ ကနေ့အထိကြီးမားတဲ့အရင်းအနှီးတွေပေးဆပ်ရပြီး ဖြစ်တာကြောင့် နောက်ထပ်အရင်းအနှီးဆက်ပေးဖို့ ပြည်သူတွေဝန်မလေးတော့ပါဘူး။ အရေးကြီးတာကတော့ ခေတ္တကုစားရေးမဟုတ်ဘဲ ထာဝရရောဂါ ရောဂါပျောက်ကင်းဖို့အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိုသာ ဦးတည်သွားသင့်ပါတယ်။ မိဘပြည်သူနဲ့ ပူးပေါင်းတဲ့ကျောင်းသား တိုက်ပွဲဟာ အမြဲတမ်းအောင်ပွဲခံခဲ့ပါတယ်။ နိုင်ငံတကာကျောင်း သားတိုက်ပွဲတွေမှာလဲ အမြဲတမ်းတောက်ပြောင်ပါတယ်။ ကျောင်းသားရဲ့သွေးဟာ ရဲရဲနီပါတယ်။ အထူးသဖြင့် ခွပ်ဒေါင်းသွေးဟာ ရဲရဲတောက်ရင့်ရင့်နီတာကိုဘဲ သစ္စာထားကြပါ။ ခွပ်ဒေါင်းရဲ့ ရဲရဲတောက်အောင်လံနဲ့ မျိုးဆက်သစ်ကျောင်းသားအတွက်အမွေ လက်ဆင့်ကမ်းကြပါ။ ထောင်ထဲကရလာတဲ့ မျက်မှန်နက်ကိုဖြုတ်ပြီး ကြည့်လိုက်စမ်းပါ။ အောင်ပွဲပန်းတိုင်ဟာ ရှေ့မှာအထင်အရှားပါ။ မိဘပြည်သူကျောင်းသားလူငယ်မောင်မယ်တွေ သပြေပန်းနဲ့ ကြိုဆိုနေတာတွေ့တယ်မဟုတ်းလား?။

တော်လှန်းရေးသတိနဲ့ ကျောင်းသားသစ္စာဖြင့် –

**စဝ်ဘုန်းလှိုင်(တောင်ကြီး)**
၆၂ မျိုးဆက်ကျောင်းသား
1/ 11/ 2005

## ရာမမင်းမှ ဟနုမာန်

“အစပိုင်းတုံးကတော့ ဝန်ကြီးချုပ်ဟာရာမမင်း ဖြစ်မယ့်ပုံဘဲ။ အရာရာကိုညွှန်ကြားပြီးတော့ တခြားလူတွေကိုသွားလုပ်ခိုင်းတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ စိတ်တိုင်းမကျလို့ ဒသဂီရိဆယ်မျက်နှာဖြစ်သွားတယ်။ ဒါပေမဲ့ ဆယ်ခေါင်းဆယ်မျက်နှာစလုံးသွားလုပ်လိုက်တော့ ခေါင်းကိုက်လာတယ်။ နောက်ပိုင်းကျရင် ဝန်ကြီးချုပ် ဟနုမာန် ဖြစ်မဲ့ကိန်းဘဲ။ အားလုံးကို ဒိုင်ခံလုပ်လိုက်လို့ ညွှန်ကြားလို့ ရတော့မှာမဟုတ်ဘူး။”



**မီးချိုင်းရီးချူးဖန်း**
**ယခင်အထက်လွှတ်တော်ဥက္ကဋ္ဌ**

## ထိုင်းတက္ကသိုလ်များအနေအထား

“ထိုင်းတက္ကသိုလ်တွေ သေခဲ့တာကြာလှပြီ။ တတ်သိပညာတွေကင်းမဲ့လို့ သေတာမဟုတ်ဘူး။ လူမှုအဖွဲ့အစည်းနဲ့ ကင်းကွာသွေဖီသွားတဲ့ တတ်သိပညာတွေ ချည်းဖြစ်နေတာကြောင့်ဘဲ။”




ဆနဇာမရိုက်
အမျိုးသားလူ့အခွင့်အရေး ကော်မတီဥက္ကဋ္ဌ
ဝါရင့်လူထုခေါင်းဆောင်



INDP 222 Burmese.pmd 35 25/1/2549, 13:29

# “ယနေ့အဓိကသမိုင်းပေးတာဝန်”

ဒီနေ့ကာလမှာ နအဖစစ်အုပ်စုဟာ ပြည်တွင်းပြည်ပ ရှမ်းပြည်အတိုက်အခံ အင်အားစုတွေကို နည်းမျိုးစုံနဲ့ အစုကလေး အဖွဲ့ကလေးမကျန် ခွဲတိုက်နေပါတယ်။ အမြီးကျက်အမြီးစား၊ ခေါင်းကျက် ခေါင်းစားဆိုသလိုပေ့ါ။ စစ်ရေးအားဖြင့် ရှမ်းပြည်မြောက် ပိုင်းမှာ လုပ်နေတယ်။ နိုင်ငံရေးအားဖြင့် SNLD ခေါင်းဆောင်တွေကို ဖေဖော်ဝါရီလ တောင်ကြီးအစည်းအဝေးမှာ လက်တွေ့နှိပ်ကွပ်ပြလိုက်တယ်။ အစီ အစဉ်ရှိရှိနဲ့ ဒင်းတို့လုပ်ဆောင်နေတယ်။

မဟာဗမာလူမျိုးကြီးဝါဒီ စစ်ပဒေသရာဇ်အာဏာရှင်အပေါ် ဆန့်ကျင်တော်လှန်ခြင်းဟာ ဇာတိသွေး ဇာတိမာန်မျိုးချစ်ပြည်ချစ် စိတ်ဓါတ်နဲ့ယဉ်ကျေးမှု ဓလေ့ထုံးစံကို ကာကွယ်စောင့်ရှောက်ဘို့အတွက် အကျိုးပြုနိုင်ပါတယ်။

အမျိုးသားအချင်းချင်း၊ အထူးသဖြင့် တိုက်ဖေါ်တိုက်ဖက် အချင်းချင်းဆိုရင်တော့ မေတ္တာဂရုဏာ မုဒိတာတရား ပွါးများရပါမယ်။ ဉပက္ခာတရားပါကပ်ပေးလိုက်ရင် လုံလောက်ပါတယ်။

ဒီနေ့အဖွဲ့ အသီးသီးလုပ်ဆောင်နေကြတဲ့ အမျိုးသားရေးနဲ့ တိုင်းပြည်အတွက် ဆိုတာလည်း လူ့အသိုင်းအဝိုင်း လူ့အဖွဲ့အစည်းအတွက် တစိပ်တဒေသအကျိုးပြုပေးနေတာဘဲ။ တနည်းအားဖြင့် အတ္တသဘောကနေ ပရသဘော အများအကျိုးဆောင်တာဖြစ်ပေါ်လာတယ်။ ဒီဖြစ်ပေါ်မှုမှာ–

(၁) ထင်ထင်ရှားရှားဖြစ်ပေါ်မှု၊ (၂) မထင်မရှားဖြစ်ပေါ်မှု၊ (၃) ကိုယ်တိုင်မသိ၊ သတိမထားမိတဲ့ ဖြစ်ပေါ်မှု စတာတွေပါဘဲ။

ကမ္ဘာ့အတိုင်းအတာ နိုင်ငံရေးထိပ်သီးအဆင့်မှာတော့ (၁) အဆင့်ကို အသုံးပြုတာများတယ်။ ဒို့တတွေကျတော့ (၂) နဲ့ (၃) အဆင့်မှာရှိတတ်ပါတယ်။

ဒီသုံးရပ်ကို အသုံးတတ်ပြုတတ်ရင်၊ လေးစားအရေးထားတတ်ရင် လူ့အဖွဲ့အစည်းအတွက် အကျိုး ပြုပေးနိုင်ပါတယ်။ အသုံးမပြုတတ်၊ လေးစားအရေးထားမှုလည်းမရှိတတ်ဘဲ ကျော်လွှားသွားရင်တော့ လူ့အဖွဲ့အစည်းအတွက် အကျိုးမပြုနိုင်တဲ့အပြင်၊ ပဋိပက္ခလမ်းကြောင်းပေါ်ရောက်သွားနိုင်ပါတယ်။ မလိုလားအပ်တာတွေလဲဖြစ်ပေါ်လာတတ်ပါတယ်။

ဒီနေ့ရှမ်းပြည်ဟာ အင်္ဂလိပ် ဂျပန် လက် အောက်ကလွတ်မြောက် အလိမ်ခံရပြီး မဟာဗမာ လက်အောက်ရောက်သွားလို့ သျှမ်းပြည်ဟာ ကျွန်ဘဝကမလွတ်မြောက်သေးဘူးလို့ သိမြင်လက်ခံ ရင် မွေးရာပါလူ့အခွင့်အရေးအတွက် ဗမာနယ်ချဲ့ခုခံတွန်းလှန်ရေးဟာ အဓိကသမိုင်းပေးတာဝန်ဖြစ် တယ်။ သျှမ်းပြည်သားတွေဟာ ဗမာလူမျိုးတွေလိုဘဲ လွတ်လပ်ချင်ကြတဲ့လူမျိုးတွေပါ။ လွတ်လပ်တဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ဘို့က အဓိကနေရာဖြစ်ပါတယ်။

ဒီနေ့နယ်စပ်တောင်တန်းတိုင်းရင်းသားတွေ ဘယ်လမ်းကိုရွေးခြယ်လက်ခံရမှာလဲ?။ ချင်း၊ ကချင်၊ ရခိုင်၊ မွန်၊ ရှမ်း၊ ကရင်၊ ကရင်နီ (၇) ပြည်ထောင်မှာ ပြည်တွင်းစစ်ဆိုတာမရှိပါဘူး။ နယ်ချဲ့ ကျူးကျော်စစ်ကိုတွန်းလှန်ဆန့်ကျင်တဲ့ခုခံစစ်ဘဲရှိတယ်။ ဒါကိုသမိုင်းကအခိုင် အမာထောက်ပြနေပါ တယ်။ ဒါကို မျက်စိမှိတ်ပြီးငြင်းနေဖို့မလိုပါဘူး။

တခါတခါလုပ်ရင်းကိုင်ရင်း စေတနာကျွန်သွားတာဘဲဖြစ်ဖြစ်၊ အားနာမှုများသွားတာဘဲဖြစ်ဖြစ်၊ ကိုယ်ကျိုးပါသွားတာဘဲဖြစ်ဖြစ်၊ ပန်းတိုင်ပျောက်လမ်းလွဲသွားတာမျိုး ဖြစ်တတ်ပါတယ်။ စေတနာမပါဘဲ လုပ်မိသွားတတ်တာကြောင့် အနာဂတ်ကိုယ့်အမျိုးသားရေးအတွက် ဒုက္ခရောက်စေပါတယ်။ အတိတ်မှာရော ပစ္စုပန်မှာပါသာဓကတွေ အထင်အရှားတွေ့နေရလို့ပါဘဲ။ ဒီကနေ့ တိုင်းရင်းသား အုပ်စုမှာအဓိက အလိုအပ်ဆုံးက အချင်းချင်းညီညွတ်ရေး၊ ကူညီပံ့ပိုးရေးပါဘဲ။

ဒီကနေ့လက်နက်ကိုင်အဆင့်မှာရော၊ မီဒီယာစာနယ်ဇင်းမှာပါ အဓိကဇောင်းပေးလုပ်ရမှာက မျိုးဆက်သစ်ကျောင်းသားလူငယ်များနဲ့ ပြည်သူလူကိုဇာတိသွေးဇာတိမာန် မျိုးချစ်စိတ်ဓါတ်ရှင်သန် စေဖို့ ပျိုးထောင်ပေးရေးပါဘဲ။

**ကျားချာတိတ်**
**(15/11/05)**



ချွန်းလိဂ်ဖိုင်း (ချွမ်လိပိုင်)
အတိုက်အခံ ဒီမိုကရက်ပါတီ
တိုင်ပင်ခံသဘာပတိအဖွဲ့နှင့်ထိုင်းဝန်ကြီးချုပ်ဟောင်း

### အနာဂတ်ထိုင်းဝန်ကြီးချုပ်သစ်

“အဘိဆစ်ဝစ်ချားချိဝသာဝန်ကြီးချုပ်ဖြစ်ရရင် ဝန်ကြီးချုပ် ကောင်းဖြစ်မယ်လို့ယုံကြည်တယ်။ ဒါကအခြေအမြစ်မရှိ လေဖမ်းဒန်းစီးယုံကြည်မှုမဟုတ်ဘူး။ သူ့ရဲ့အရည်အသွေး တခုအတွက်နဲ့ယုံကြည်တာမကဘူး။ သဘောတရား ပြည့်ဝတဲ့ ဖြောင့်မတ်တည်ကြည်သန့်ရှင်းတဲ့ အများအကျိုးအတွက် အမျှော်အမြင်ရှိတဲ့ယုံကြည်မှုဖြစ်တယ်။ မိမိကိုယ်ကျိုးစီးပွါးလုပ်ငန်းအတွက် အမျှော်အမြင်ရှိတဲ့ ယုံကြည်မှုမဟုတ်ဘူး။”



INDP 222 Burmese.pmd 36 25/1/2549, 13:29

# ရွှေဘုရားအစဖျောက်တဲ့ နဝတတပ်မှူးတစ်ယောက်

သမိုင်းဝင် နှစ်ကျိပ်ရှစ်ဆူ ရေးဟောင်းစေတီအတွင်း ကိန်းဝပ်ခဲ့ဖူးသော ရွှေသားအတိအလေးချိန် 4 ကျပ် 1 မတ်ရှိ အနှစ် ၁၀၀ သက်တမ်း ရွှေဘုရားတဆူအား ဒေသခံ နအဖ တပ်မှူးတစ်ဦးမှ မလိမ့်တပတ်အစဖျောက်ထားမှုတစ်ခု သျှမ်းပြည်တောင်ပိုင်း မိုင်းပန်မြို့တွင် လွန်ခဲ့သော 2003 ဇန်နဝါရီလက ဖြစ်ပွါးခဲ့၏။

ဖြစ်ပွါးပုံမှာ– နအဖအာဏာပိုင်များ၏ စီမံချက်အရ မိုင်းပန်မြို့အနောက်ဖက် 2 မိုင်အကွာ (တာချီလိတ်၊ ကွန်ဟိန်း၊ မိုင်းရယ် မြို့များရှိ ရွှေတိဂုံပုံစံ) လွယ်နွံ့စေတီသစ် ဌာပနာသွင်းအခမ်းအနားတစ်ခု 14.1.03 ရက်နေ့တွင် ပြုလုပ်စဉ် နှစ်ကျိပ်ရှစ်ဆူ စေတီဟောင်းအတွင်း ကိန်းဝပ်ခဲ့ဖူးသော ရွှေဘုရားကိုပါ ထည့်သွင်းဌာပနာခါနီး ကင်မရာ 7 လုံးဖြင့် ဓါတ်ပုံရိုက်ကြသော်လည်း မည်သို့မျှရိုက်၍ မရသဖြင့် အခြားဘုရားများနှင့်အတူ ဌာပနာမ သွင်းဖြစ်ခဲ့ပေ။

လွယ်နွံ့"မဟာတေဇာဓိပတိ"စေတီ တည်ဆောက်ကြစဉ် ပထမအဆင့် ဌာပနာသွင်းခဲ့ကြသည့်နေ့ရက်၌ မိုင်းပန်အခြေစိုက် အမှတ် 17 စကခမှူး ဗိုလ်ချုပ်ညွန့်လှိုင်နှင့်အတူ ရန်ကုန်စစ်ရုံးချုပ်မှ ရောက်လာသော ဗိုလ်ချုပ်သန်းရွှေ၏ အပေါင်းပါများကလည်း ပါလာသည့် ကင်မရာများဖြင့် ဓါတ်ပုံရိုက်ကြ၏။ ဟိုဖိုင်မောက်ဇမ်ရွာနေ အသက် 70 ကျော် လုံးဆုဝဏ္ဏက ဘုရားသိကြားနတ်ကောင်းနတ်မြတ်များတိုင်တည်၍ လက်ဖဝါးပေါ်တင်ပြီး ဓါတ်ပုံအရိုက်ခံသော်လည်း ကင်မရာခလုတ်နှိပ်မရဘဲ ဖြစ်နေသည်ဟုဆို၏။

ပထမအဆင့် စေတီဌာပနာသွင်းအပြီး 16.1.03 ရက်နေ့ ရောက်သောအခါ နအဖ ဒု တိယထိပ် သီးကြီးဒုဗိုလ်ချုပ် မှူးကြီး မောင် အေးကိုယ် တိုင်စေတီတည်ဆောက်မှု လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို ညွှန်ကြားသွားခဲ့၏။ ထို 3-4 ရက် အချိန်အတောအတွင်း လွယ်နွံ့စေတီသစ်တွင် ဌာပနာခြင်းမရှိသော အဆိုပါ ရေးဟောင်း ရွှေဘုရားမှာ မူလဂေါပက အဖွဲ့ဝင် လုံးဇမ်လောဝ်လက်သို့ ပြန်မရောက်တော့ပဲ ဟိုလူ့ဆီမှာလိုလို ဒီလူ့ဆီမှာလိုလို ပျောက်ဆုံးနေ ခဲ့သည်။ 14.1.03 ရက်နေ့က စကခမှူး ဗိုလ် ချုပ်ညွန့်လှိုင် ကိုယ် တိုင်ရယူသိမ်းဆည်းထား သလိုလို၊ 16.1.03 ရက်နေ့ ဒုဗခမကမောင်အေးလာတုန်းက ပါသွားသလိုလို မရေရာမသေချာဘဲ မည်သူ့ထံတွင် ရွှေဘုရားရှိနေကြောင်း တိကျစွာမသိရတော့ပေ။

ထိုကိစ္စနှင့်ပတ်သက်၍ နှစ်ကျိပ်ရှစ်ဆူဘုရား ဂေါပကလူကြီးများအပါအဝင် မိုင်းပန်မြို့မျက်နှာဖုံးသက်ကြီးရွယ်အိုများက 3-4 လအတွင်း မကြာခဏမေးမြန်းစုံစမ်းငြင်းခုံခဲ့ကြ၏၊ မူလသိမ်းဆည်းထားနေကျ ဂေါပကလက်တွင်းမှလွဲ၍ အခြားနေရာ၊ ပုဂ္ဂိုလ်များထံ အပ်နှံမထားသင့်ကြောင်း တီးတိုးတမျိုး ကျယ်လောင်တစ်ဖုံ မြည်တွန်တောက်တီးခဲ့ကြ၏။ ထိုသတင်းတဆင့်စကား တဆင့်နားပြောကြားကြရာ နောက်ပိုင်း၌ ဗိုလ်ချုပ်ညွန့်လှိုင်သိရှိသွားသဖြင့် သကြံ်န်အပြီး 18.4.03 ရက်နေ့ကျမှ ၎င်းရွှေဘုရားအနေကစာတင်ခြင်းနှင့် ဂေါပကအဖွဲ့ထံပြန်လည်အပ်နှံခြင်း အခမ်းအနားတစ်ရပ်ကို ပြုလုပ်ခဲ့ကြ၏။ ရွှေဘုရားပြန်လည်ပေးအပ်ကြောင်း မိုင်းပန်လူထု အယုံအကြည်ရှိစေရန် သက်ကြီးရွယ်အိုမြို့မိမြို့ဖ 50 ခန့်ကို ဖိတ်ကြား၍ ယခင်ရွှေဘုရားစောင့်ရှောက်ထိန်းသိမ်းခဲ့ဖူးသူ အနောက်ရပ်ကွက်နေ ဂေါပကအဖွဲ့ဝင် လုံးဇမ်လောဝ် အိမ်တွင်ပင် ပြုလုပ်ခဲ့ကြခြင်းဖြစ်၏။ သို့သော်– မြို့ခံလူထုအတော်များများက စကခမှူးပြန်လည်ပေးအပ်သောဘုရားသည် မူလရွှေဘုရားအစစ်အမှတ်မဟုတ်ဘဲ အစစ်နှင့်ဆင်တူယိုးမှား ပြုလုပ်ထားသော ရွှေဘုရားအတုသာဖြစ်ကြောင်းယုံကြည်နေကြဆဲဖြစ်သည်။

ဥာဏ်တော် 4 လက်မရှိ ရွှေဘုရားကိန်းဝပ်ခဲ့ဖူးသော နှစ်ကျိပ်ရှစ်ဆူစေတီကား မိုင်းပန်မြို့အရှေ့ဘက် 1 မိုင်ကျော်အကွာ ဟိုဖိုင်လုံရွာနှင့်အရှေ့ရပ်ကွက်အကြား လယ်ကွင်းထဲ တွင်တည်ရှိ၏။ 2002 နှစ်အတွင်း အသက် 86 နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သူ၊ (ဒုတိယကမ္ဘာစစ်အတွင်း လွတ်လပ်ရေးအကြိုခေတ် သျှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ရပလ အဖွဲ့ဝင်ဟောင်း) မိုင်းပန်ဇာတိ လုံးဇာလီ သက် 12 နှစ်အရွယ် (1904 ခုနှစ်)၌ ၎င်းစေတီ ထီးတင်စဉ် ထီးတော်ရိုးစွပ်သည့် စေတီထိပ်အခေါင်းအတွင်း ထည့်သွင်းထားခြင်းဖြစ်၏။ 1972 ခုနှစ်တွင် လျှေင်ကြီးလှုပ်ရာ အဆိုပါစေတီထီးတော်ပြုတ်ကျစဉ် ရွှေသားဘုရားလည်း ထွက်ကျလာသဖြင့် လုံးဇာလီ ကိုယ်တိုင် သွားရောက်ကောက်ယူပြီး ဂေါပကအဖွဲ့ ထံအပ်နှံခဲ့ခြင်းဖြစ်၏။ ခေတ်အဆက်ဆက် လက်ပြောင်းလက်လွှဲသိမ်းဆည်းလာရာမှ နောက်ဆုံးဂေါပကအဖွဲ့ဝင် လုံးဇမ်လောဝ် (57နှစ်) လက်တွင်းကျ ရောက်ခဲ့၏။ ထိုသတင်းကို စကခမှူး က 2002 နှစ်ဦးပိုင်း၌ အမှတ်မထင်ကြားသိရသဖြင့် လွယ်နွံ့စေတီသစ်တွင် ဌာပနာသွင်းထားရန် ဖိအားပေးတိုက်တွန်းခဲ့ခြင်းဖြစ် သည်။

လွန်ခဲ့သည့် 3-4 နှစ်ကတည်းက တာချီလိတ်၊ ကွန်ဟိန်း၊ မိုင်းရယ်မြို့များရှိ ရွှေတိဂုံပုံတူ တည်ဆောက်နေသော (မူလရှေးဟောင်းစေတီငယ်အပေါ် ဖုံးအုပ်ထားသည့်) လွယ်နွံ့စေတီအတွက် ပထမအဆင့် ဌာပနာသွင်းပွဲ ပြုလုပ်ရာ အပေါ်ဆုံးအဆင့်မှာ ရန်ကုန်စစ်ရုံးချုပ်မှ နအဖ ထိပ်သီးများပေးပို့သော ဘုရားများ ဌာပနာရန်ဖြစ်၏။ အလယ်အဆင့်မှာ စကခမှူး၊ ဗျူဟာမှူး၊ မအဖ ဉက္ကဌ၊ 332 - 520 ရင်းမှူး စသည့်ဒေသခံအာဏာပိုင်များ၊ ငွေကြေးမြောက်များစွာ ထည့်ဝင်လှူဒါန်းရန် ဖိအားပေးခံရသော အခြားမြို့နယ်/ဒေသမှ ပုဂ္ဂိုလ်များ၊ ကုမ္ပဏီပိုင်ရှင်များနှင့် အပစ်အခတ်ရပ်စဲရေး ခေါင်းဆောင်များအတွက်ဖြစ်၏။ အောက်ဆုံးအဆင့်မှာမူ ဒေသခံပြည်သူလူထုနှင့် ရပ်မိရပ်ဖများအတွက် ဌာပနာရန်ဖြစ်သည်ဟုဆိုသည်။

စစ်အုပ်စုက အရင်းအနှီးတပြားတချပ်မှ မစိုက်ထုတ်ရဘဲ ပြည်သူလူထု၏ လူအင်အားရုပ်ဝတ္ထုပစ္စည်းအင်အားနှင့် ငွေကြေး အင်အား



ပင်လုံမြို့တွင် ဆောက်လုပ်ဆဲ ရွှေတိဂုံပုံတူ

ကျပ်သန်းပေါင်းရာချီ၍ မဖြစ်မနေ မရမက တည်ဆောက်သည့် လွယ်နွဲ့စေတီကဲ့သို့သော နအဖလက်ထက်စေတီပုထိုးများဆိုလျှင် ဒေသခံသျှမ်းပြည်လူထုက နာမ်နှိမ်ဘုရားစေတီအဖြစ် ယုံကြည်ထားကြသဖြင့် ပင်ကိုယ်စိတ်ဆန္ဒအရ မည်သူမျှရှိခိုးပူဇော်လိုစိတ်မရှိကြပေ။ ဤအချက်ကိုသိရှိသော နအဖ အာဏာပိုင်တို့က အရှိန်အဝါပြ၍ ၎င်းတို့၏ တဖက်သတ်သာသနာပြုလုပ်ငန်းအတွက် ဒေသတွင်းလူထုအပေါ် ချော့တစ်ခါ ခြောက်တစ်လှည့် အမျိုးမျိုးခိုင်းစေခဲ့ကြသည်။

မိုင်းပန် မအဖ/ရအဖ တို့က မြို့တွင်း 6 ရပ်ကွက်ရှိ ဝမ့်မိုင်၊ မြေဝန်း၊ ရာဇာ၊ ကျောင်းခမ်း၊ မွေတော်၊ ဖရားဆောင်းပြက်(နှစ်ကျိပ်ရှစ်ဆူ) စသည့် ဘုန်းတော်ကြီးကျောင်း 6 ကျောင်းနှင့် အခြားမြို့ပြင် 3 ကျောင်း၊ စုစုပေါင်း 9 ကျောင်းမှ တစ်ကျောင်းလျှင် သံဃာ 24 ပါးစီ 3 လ တစ်ကြိမ် လပြည့်နေ့တိုင်း လွယ်နွဲ့စေတီသစ်သို့ 24 နာရီ (non-stop) ပဋ္ဌာန်းဒေသနာတော် သွားရောက်ရွတ်ဖတ် ဟောကြားစေ၏။ ထိုအဖြစ်ကို သံဃာတော်တို့က ပဋ္ဌာန်းချောဟုခေါ်ဆိုကြသည်။ သံဃာတော်များအတွက် ဝေယျာဝစ္စနှင့် ဆွမ်းကပ်ရန် ရပ်ကွက်လူထုအတွင်း ငွေကြေးကောက်ခံ၍ ခဲဘွယ်ဘောဇဉ်များ ဝယ်ခြမ်းပြီး ရပ်ကွက်အလိုက်အလှည့်ကျ သွားရောက်ချက်ပြုတ်ကပ်လှူစေ၏။ ထိုအဖြစ်ကို ဆွမ်းချောဟုခေါ်ဆိုကြသည်။ ဝါတွင်းဆိုလျှင်လည်း လပြည့်လကွယ်နေ့တိုင်း ရပ်ကွက်အလိုက် အမျိုးသမီးများ ဓမ္မစကြာသွားဟောခြင်း ခိုင်းစေခံရသဖြင့် အလုပ်မအားကြောင်း၊ ဓမ္မစကြာချောရှိကြောင်း ပြောစမှတ်ပြုလာကြသည်။

လွန်ခဲ့သည့် 23.4.03 ရက်နေ့ကလည်း သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ် မိုင်းတွမ်းအုပ်စု ဝမ့်ကတ်ရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ခလရ 238 မှ တပ်ဖွဲ့တစ်ဖွဲ့ရောက်သွား၏။ အထက်လူကြီးများ၏ ညွှန်ကြားချက်ဟုဆိုကာ ကျောင်းဝင်းအတွင်း ရှိကြာမြင့်လှပြီဖြစ်သော ကောင်းမှုတုန့်စေတီ၏ထီးတော်ကို ဖြုတ်ချ၍ ထီးတော်အသစ်တင်ပေးရမည်ဟုပြော၏။ ကျောင်းထိုင်ဘုန်းကြီးနှင့်တကွ ရွာသူကြီးအပါအဝင် သက်ကြီး ရွယ်အို ရွာသူရွာသား များကဝိုင်းဝန်း တိုးလျှိုးတောင်းပန်သော်လည်းမရ။ ရွာသားများအား အကြမ်းဖတမ်းဟိန်းဟောက်ငေါက်ငမ်း၍ သေနတ်ဖြင့်ချိန်ပြီး အဓမ္မဝါးခုတ်ငြမ်းဆင်စေ၏။ ပြီးလျှင် ရွာသားတယောက်နှင့် ဘုန်းကြီးတစ်ပါးမကျန် အကုန်မောင်းထုတ်ပစ်ကာ ထိုနေ့ညတွင်း ချင်း (23:00 နာရီအချိန်ခန့်တွင်)– 1911 ခုနှစ်ကတည်းက တင်ထားခဲ့သောစေတီ၏ ထီးတော်ကို ဗမာစစ်သားများ ဖြုတ်ချလိုက်တော့သည်။


တာချီလိတ်တွင် တည်ထားသော ရွှေတိဂုံပုံတူ

13 ရက်အကြာ မည်သည့်ဘုန်းကြီး ဒကာတစ်ဦးတစ်လေကိုပင် မခေါ်ဘဲ6.5.03 ရက်နေ့ နံနက် 07:20 နာရီအချိန်၌ ၎င်းစေတီအပေါ် တက်တင်ထားလိုက်ကြ၏။ ပြီးလျှင်စေတီတော်နှင့် မနီးမဝေးတွင်ရှိသော ရေးနတ်စင်တစ်ခုကိုပါ မီးတင်ရှို့လိုက်ကြသည်ဟုဆိုသည်။

ဤလုပ်ရပ်မှာ လူ့အခွင့်အရေးတစ်ခုဖြစ်သည့် ဘာသာရေးလွတ်လပ်ခွင့်ကို နအဖ ဗမာတပ်များ ပြောင်ပြောင်တင်းတင်း ချိုးဖောက်သည့်သာဓကတစ်ခုဖြစ်၏။ အခြားနိုင်ငံများ ပြည်ပမီဒီယာနှင့် NGO များ စွပ်စွဲသလို မြန်မာပြည်တွင် ဘာသာရေးလွတ် လပ်ခွင့်မရှိဟုဆိုခြင်းမှာ လုံးဝမဟုတ်မမှန်ကြောင်း ၎င်းတို့ဘူးခံ ငြင်းဆန်လိမ်လည်နေခဲ့သည်။

တိုင်းပြည်အပေါ် အကြမ်းဖက်သော နည်းဖြင့် ယုတ်မာရက်စက်စွာ ဖိနှိပ်အုပ်ချုပ်သော မဟာဝါဒီဗမာနာဇီ နဝတ/နအဖ စစ်အုပ်စုသည် 1988 စတင် အာဏာသိမ်းစဉ်ကတည်းက (အထူးသဖြင့် 1990 ရွေးကောက်ပွဲနောက်ပိုင်းကတည်းက) ၎င်းတို့ ရေရှည်အာဏာချုပ်ကိုင်ထားနိုင်ရန် နည်းလမ်းပေါင်းစုံ စီမံကြံဆလာခဲ့ကြ၏။ ထိုနည်းလမ်းများအနက် ထိပ်သီးအာဏာပိုင်များ၏ မွေးစားဖခင်ဦးနေဝင်းကျင့်သုံးသွားခဲ့သည့်အတိုင်း အထက်လမ်း အောက်လမ်းနည်း၊ ယတြာဗေဒင်နည်း၊ နာမ်နှိမ်နာမ်မြှောက် နည်းများလည်းပါဝင်၏။ ရှေးခေတ်လက်နက်နိုင်ငံတော်များ ထူထောင်ခဲ့ကြသည့်ဘုရင့်နောင်၊ အလောင်းဘုရား၊ ဆင်ဖြူရှင်စသော ဗမာဘုရင်များအား အတုခိုး၍ သူကြီးဘုရား ရွာသားကောင်းမှုနည်း အတိုင်း နေရာအနှံ့စေတီပုထိုးမြောက်များစွာ တည်ဆောက်ကြ၏။ နအဖစစ်အာဏာရှင်တို့အဖို့ မဟာဗျူဟာမြောက် စိတ်ဓါတ်စစ်ဆင်မှု အရေးသုံးပါး အကျိုးအမြတ်ကြီး အတွက်ဖြစ်သည်ဟုသိရသည်။

အဆိုပါအရေးသုံးပါးကား –

(၁) မဟာဝါဒီ ဗမာနာဇီ လူမျိုးကြီးအတွက် နာမ်ပင့်နာမ်မြှောက်စီမံကိန်းဖြင့် သြဇာအာဏာဖြန့်ကျက် သက်ရောက်လွှမ်းမိုးတည့်တံ့ရေး

(၂) ဗမာမဟုတ်သော လူမျိုးခြားတိုင်းရင်းသားများအပေါ် နာမ်နှိမ်နာမ်နှိမ့်ဝါးမြိုရေး၊

(၃) ဓမ္မစက်ဖြင့် အာဏာစက်ခိုင်မြဲစေရန် ပံ့ပိုးထောက်ကူရေး (ဝါ) ဘာသာရေးကို အသုံးချ၍ အာဏာရှင် အကျိုးစီးပွါးအတွက် စည်းရုံးသိမ်းသွင်းရေး– စသည်တို့ပင်ဖြစ်တော့သည်။

**မိုင်းပန်မှ စိုင်းဟန်** (14.5.03)

# အကြမ်းဖက်သောင်းကျန်းနိုင်တဲ့ ဗိုလ်မြင့်လှိုင်



မထူးနော်



ပေါင်းယူချန်



လွယ်မောဝ်

ပြီးခဲ့တဲ့ 2005 အတွင်း သျှမ်းပြည်အရှေ့မြောက်ပိုင်းအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအပေါ် နအဖရဲ့ တင်းကြပ်မှုတွေ ပိုမိုပြင်းထန်လာပါတယ်။ အဲဒီဒေသကိုကွပ်ကဲတဲ့တိုင်းမှူးရဲ့ တိုင်းရင်းသားတွေအပေါ်သဘောထားတင်းမာမှုကြောင့် ဖြစ်တယ်လို့ အကဲခတ်တွေဆိုကြပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့် ရာထူးကနေဖယ်ရှားခံရပြီးတဲ့နောက် ပြည်တွင်းပြည်ပ လှုပ်ရှားသူတွေအကြား စိုးရိမ်ပူပန်ခဲ့တာတခုက လက်နက်ကိုင်တိုင်းရင်းသားတွေနဲ့ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားမလား ဆိုတာပါဘဲ။ ဗိုလ်ချုပ်ကြီးခင်ညွန့်ရာထူးက ဖယ်ရှားလိုက်ပြီးသိပ်မကြာခင်မှာဘဲ ဒုဗိုလ်ချုပ်ကြီးသိန်းစိန်က တိုင်းရင်းသားအဖွဲ့တွေနဲ့ လိုက်လံတွေ့ဆုံခဲ့တာဟာဒီစိုးရိမ်မှုတွေကို တုန့်ပြန်တာဖြစ်တယ်လို့ပြောကြပါတယ်။ ဖေဖော်ဝါရီလအတွင်း ခွန်ထွန်းဦးအပါအဝင် သျှမ်းခေါင်းဆောင်တွေကို ဖမ်းဆီးခဲ့တာကစလို့ SSA-S တပ်တွေအပေါ် ထိုးစစ်ဆင်မှု၊ ကချင်ငြိမ်းအဖွဲ့တပ်သားတွေကိုပစ်ခတ်မှုအထိ တင်းမာမှုပဋိပက္ခတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ဒီနေရာမှာ အရှေ့မြောက်ပိုင်း စစ်တိုင်းမှူးဗိုလ် ချုပ်မြင့်လှိုင်ဟာ အစောပိုင်းကတည်းက ဒီဒေသမှာကျင်လည်ခဲ့ဖြစ်ပြီး တိုင်းရင်းသားအရေး ကိုင်တွယ်ရာမှာ ညင်သာမှုမရှိသူအဖြစ်ကြော်ကြားခဲ့တယ်လို့ **သျှမ်းသံတော် ဆင့်အယ်ဒီတာ ဦးခွန်စိုင်း**က ပြော ပါတယ်။

“2000 ခုနှစ် ဗိုလ်ချုပ်မြင့်လှိုင် အမှတ် 16 စကခမှူးဖြစ်တုံးက မိုင်းကိုးဒေသကာကွယ်ရေးတပ် MDA Mongko Defence Army ထဲမှာ အချင်းချင်းအာဏာသိမ်းပွဲ၊ တိုက်ပွဲဖြစ်ကြတော့ သူကိုယ်တိုင်သွားပြီး နှိမ်နင်းရပါတယ်။ ပြတ်ပြတ်သား သားဘဲလုပ်ခဲ့ပါတယ်။ ဥပမာ သူသွားနှိမ်နင်းတဲ့အချိန်မှာ လက်နက်ချတဲ့လူ 80 ကျော်ကိုပစ်သတ်ဘို့ အမိန့်ပေးတယ်လို့ သတင်းတွေထွက်ပါ တယ်”။

တရုတ်နယ်စပ်အခြေစိုက် စစ်ရေး လေ့လာသူ **ဦးအောင်ကျော်ဇော** ကလဲ “ဗိုလ်ချုပ်မောင်အေးရဲ့ PSO အကြာကြီးလုပ်ခဲ့သူဖြစ်တော့ ဗိုလ်မောင်အေးရဲ့ အတွေးအခေါ်တွေ သူ့မှာတော်တော်ရှိတယ်။ ဗိုလ်မောင်အေးလဲ 91-92 တုံးက အရှေ့ပိုင်းတိုင်းမှူးဖြစ်ဖူးတယ်။ ဗိုလ်မောင်အေး ကိုယ်တိုင်က လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့တွေအပေါ်တော်တော့ကို ခါးခါးသီးသီးရှိတယ်။ တင်းတင်းမာမာဆက်ဆံခဲ့တယ်။ ဗိုလ်ခင်ညွန့်ကာလမို့ နိုင်ငံတကာအခြေအနေကြောင့် မလွှဲသာဘဲ ငြိမ်းချမ်းရေးလုပ်ကြရတာပါ။ ဝ တို့ သျှမ်းတို့ ပအိုဝ်းတို့ သျှမ်းပြည်အရှေ့ပိုင်းတို့ အနည်းဆုံး 7-8 ဖွဲ့ရှိတယ်။ အခုဗိုလ်မောင်အေး နိုင်ငံတော်ဒုတိယအကြီးအကဲ ဖြစ်လာတော့ ကျောထောက်နောက်ခံလည်း တောင့်တောင့်တင်းတင်းဖြစ်လာတာပေါ့ဗျာ”။

2005 ထဲမှာ အရှေ့ပိုင်းတိုင်းအတွင်းသျှမ်းတိုင်းရင်းသားတွေအပါအဝင် တခြားတိုင်းရင်းသားလက်နက်ကိုင်အများအပြား အပေါ်ဖိနှိပ်မှုပို ပြီးပြင်းထန်လာတယ်လို့ **ဦးခွန်စိုင်း**က ပြောပါတယ်။

“အရင်တုံးကဆိုရင် ဒီဒေသတွေဟာ 1989 ကတည်းက ငြိမ်းချမ်းတဲ့ဒေသလို့ယူဆရတာကိုး။ အပစ်ရပ်အဖွဲ့တွေကလည်း ဒေသဖွံ့ဖြိုးရေးဒေသလုံခြုံရေးတွေ ကူပေးတဲ့သဘောရှိတယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ အဲဒီဒေသထဲမှာလှုပ်ရှားတဲ့ SSNA တပ်မဟာ 6, 11, 19 တို့ SSA-N တပ်မဟာ 3 တို့ PSLA ပလောင်တို့ ရွှေ့ပြောင်းရသူတွေ ရွှေ့ပြောင်း၊ လက်နက်ချသူတွေချနဲ့ အရှေ့မြောက်စစ်တိုင်းရဲ့လက်အောက် အကုန်ရောက်သွားတယ် ။”

တိုင်းရင်းသားအဖွဲ့တွေအပေါ် သဘောထားတင်းမာတဲ့ ဗိုလ်ချုပ်မြင့်လှိုင်ဟာ သျှမ်းလက်နက်ကိုင်တပ်ဖွဲ့တွေအပေါ် ပြီးခဲ့တဲ့ 2005 နှစ်အတွင်း ပိုပြီးဖိအားပေး နှိပ်ကွပ်လာတာ တွေ့ရပါတယ်။ **ဦးအောင်ကျော်ဇော** ဆက်ပြောတာကတော့ –

“အရှေ့မြောက်ပိုင်းတိုင်းနယ်မြေမှာ အဖွဲ့အစည်းတွေများကြီးရှိတာကိုး၊ ဒီကြားထဲ ဗမကယွက်စစ်တို့ရဲ့ တောင်ပိုင်းတပ်တွေကလည်း တဖြည်းဖြည်းသျှမ်းပြည်အလယ်ပိုင်းကနေ မြောက်ပိုင်းထဲကိုတော်တော် လှုပ်ရှားလာတယ်။ ဒါကြောင့် သျှမ်းကိုအဓိကဖိတာပါ။ အပစ်ရပ် SSA-N မြောက်ပိုင်း ဗိုလ်မှူး

ကိုင်ဖ၊ စဝ်လွယ်မောဝ်တို့အဖွဲ့မှာခေါင်း ဆောင်နဲ့ အောက်ခြေကတော် တော်လေးစိတ်နေသဘောထား ကွာကြပါတယ်။ အောက်ခြေရဲ့သဘောထားက ဆက်တိုက်ချင်တဲ့လူကအများစုဖြစ်တော့ စဝ်ယွတ်စစ် တပ်တွေ တဖြေးဖြေးများလာလေ အောက်ခြေက တက်ကြွလာလေ ဖြစ်တယ်။ အဲဒါကိုမြင့်လှိုင်က စိုးရိမ်တယ်။ အဲဒါကြောင့်သျှမ်းကိုဖိဖိစည်းစည်းနှိပ်ကွပ်တာပေါ့။ တပ်မဟာ 3 ကို ထွက်ခိုင်းတာတို့။ အထူးသဖြင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်တွေနဲ့ စကားပြောတဲ့အခါ ဘယ်တုန်းကမှတန်းတူညီတူဆက်ဆံမှုမရှိခဲ့ဘူး''။

သျှမ်းပြည်ဒေသခံတွေအပြောအရဆိုရင် သျှမ်းလက်နက်ကိုင်အပစ် ရပ်အဖွဲ့တွေသာမက ကချင်အပစ်ရပ် အဖွဲ့တွေကိုလည်း ဖြိုခွင်းလိုတဲ့ အလားအလာရှိနေတဲ့အကြောင်း **ဦးခွန်စိုင်း**ကရှင်းပြပါတယ်။

''အခု SSNAနဲ့ SSA-Nကိုဖြိုပြီးပြီ။ တဆက်ထဲဘဲ အဲဒီဒေသမှာရှိတဲ့ KIA ဆက်အကြပ်ကိုင်ပြီး သူတို့ရဲ့သြဇာဖြုတ်ချဖို့ ဆက်လုပ်နေပုံရပါတယ်''။

''ဗိုလ်မြင့်လှိုင်ရဲ့ ပင်ကိုယ်စရိုက်ကလည်း အင်မတန်ကြမ်းတမ်းတဲ့လူဖြစ်တယ်။ တိုက်ရည်ခိုက်ရည်ရှိသူမဟုတ်ဘဲနဲ့ စိုင်ကော်လို့ခြုံပေါ် ရောက်လာတာ။ သူ့အားနည်းချက်က တိုက်ရခိုက်ရမဲ့ အင်အားစုတိုင်း နိုင်အောင်မတိုက်နိုင်ဘူး။ အခုအာဏာနဲ့ သေနတ်ရှိနေတဲ့အချိန်ဟိုလူတွေငြိမ်းချမ်းရေးယူ ထားတဲ့အချိန်ကျမှ မိုက်မိုက်ကန်းကန်း ပြောတယ်လုပ်တယ်။ သူဒီလိုလုပ်လာနိုင်တာက နောက်ခံအင်အားတောင့်တင်းတာ တခုထဲမကဘူး။ ပြည်တွင်း အခြေအနေအရလဲ ငြိမ်းအဖွဲ့တွေအပေါ် ဒီလိုလုပ်ဖို့လိုလာပြီလေ။ အထူးသဖြင့် ဗိုလ်ခင်ညွန့်ပြုတ်ပြီးနောက် ဒါတွေလိုလာတဲ့ အခြေအနေ အချက်အလက် အခင်းအကျင်းတွေအပေါ်မှာ သူကအပေါ်စီးပိုရလာတယ်''။ **စစ်ရေး အကဲခတ်ဦးအောင်ကျော်ဇော ဖြစ်ပါတယ်။**

**မေပြုံးအောင်** (RFA-7/1/06)

## သျှမ်းခေါင်းဆောင်များ နှစ်ရှည်ထောင်ဒဏ်အပေါ် UNLD-LA၏အာဘော်

''နအဖစစ်အုပ်စုက တိုင်းရင်းသားခေါင်းဆောင် ခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထဲင့်တို့ကို ဒီလိုထောင်ဒဏ်နှစ်ရှည်ချလိုက်တာဟာ ဒီမိုကရေစီအရေး၊ တိုင်းရင်းသား တန်းတူရေးအတွက်လှုပ်ရှားကြတဲ့ ခေါင်းဆောင်တွေအပေါ် မတရားဖိနှိပ်တဲ့အချက်ကို ထုတ်ဖေါ် ပြသလိုက်တာပါ။ NLD ကိုနည်းမျိုးစုံနဲ့ဖိနှပ်သလို တိုင်းရင်းသားတွေကိုလဲ ဖိနှပ်နေတယ်။ ဒါပေမဲ့ ဒီမိုကရေစီအင်အားစုနဲ့တိုင်းရင်းသားအင်အားစုတွေဟာ တကယ့်ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက်ကျနော်တို့အားလုံး လက်တွဲမဖြုတ်စတမ်းအောင်ပွဲခံတဲ့အထိ ကြိုးပမ်းသွားမယ်''

''ဒီလိုပြင်းပြင်းထန်ထန် အပြစ်ပေးတာဟာ နအဖက တိုင်းရင်းသားအုပ်စုတွေကိုသတိပေးလိုက်တာ ဖြစ်ပါတယ်။ ဒီဟာတစ်ခုထဲတောင်မဟုတ်ပါဘူး။ ၁၉၆၂ ကတည်းကဗိုလ်နေဝင်းအာဏာသိမ်းတဲ့အချိန်မှာဒီမိုကရေစီနဲ့တိုင်းရင်းခေါင်းဆောင်တွေကိုဝန်ကြီးချုပ်ဦးနုကအစ ဖမ်းဆီးထောင်ချတယ်။ သမတကြီးစဝ်ရွှေသိုက်လည်း ဖမ်းဆီးထောင်ချညှင်းပမ်းနှိပ်စက်ခံရလို့ ထောင်ထဲမှာဆုံးသွားတယ်။ သီပေါ စော်ဘွားကြီးစဝ်ကြာဆိုင်ကိုလဲ ဖမ်းဆီးသွားတာ အလောင်းတောင်အစအနပြန်မရဘူး။ အဲဒါတွေကို ပြန်ကြည့်ရင် ၁၉၆၂ ကစပြီး ကနေ့အထိ တလျှောက်လုံး အဲလိုလုပ်ခဲ့ကြပါတယ်။ ဒီမိုကရေစီအင်အားစုတွေကို နှိပ်ကွပ်တယ်။ တိုင်းရင်းသားတွေကိုလဲနှိပ်ကွပ်ပါတယ်။ ဒါဟာ နအဖညီလာခံကို အာခံရဲသူမရှိအောင် နှိပ်ကွပ်ပြတာတစ်ခုထဲ မကပါဘူး။ လုံးဝခေါင်းမထောင်နိုင်အောင်လုပ်ပြတယ်လို့ မြင်ပါတယ်။''

**UNLD-LA ဥက္ကဋ္ဌ ခွန်မန်ကိုဇန်း**

''ဒီမိုကရေစီရေး၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့သာမက တိုင်းပြည်ငြိမ်းချမ်းရေးနဲ့အနှစ်(၅၀)ကျော်ကြာ ပြည်တွင်းစစ်ရပ်စဲရေးတို့ကို ကြိုးပမ်းနေတဲ့ ခေါင်းဆောင်တွေကို နှစ်ပေါင်းဒီလောက်ကြာကြာ ထောင်ဒဏ်ချမှတ်တဲ့ နအဖစစ်အုပ်စုရဲ့ တရားစီရင်ရေးစနစ်ဟာ (၂၁)ရာစုရဲ့ ခေတ်မှီတရားစီရင်ရေးစနစ်နဲ့မတူဘဲ မှောင်ခေတ်တုံးက ကျင့်သုံးခဲ့တဲ့ Medieval တရားရုံးတွေနဲ့တူနေပါတယ်၊ ဒါဟာလူတစ်ဦးကို သာမန်ဖမ်းချုပ်ထောင်ချရုံ တင်မဟုတ်ပါဘူး။ ဒါကြောင့် ဒီလိုတရားမဝင်စစ်အစိုးရက ကျင့်သုံးနေတဲ့ မတရားဥပဒေတွေနဲ့ မတရားစစ်ခုံရုံးတွေကို တိုင်းရင်း သားပြည်သူလူထုတရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ တိုက်တွန်းချင်ပါတယ်''

**UNLD-LA Statement**

## နိုဝင်ဘာ ၃ စီရင်ထုံး





- ၂၀၀၅ နှစ် ၃၁ အောက်တိုဘာ
  ကန်သမ္မတနှင့် နန်းဇမ်တောင်းတွေ့ရတာ
  ပြည်မြန်မာဗိုလ်ချုပ်များ၊ စိတ်ထဲဘဝင်လှုပ်ရှား

- နိုဝင်ဘာ ၃ ရောက်လို့လာ
  ခွန်ထွန်းဦး သျှမ်းတို့ဆေမျိုးခမြာ
  အာဏာရှင်တို့ လုပ်လိုက်ကြ
  အဓမ္မမတရားစီရင်ထုံး
  ကမ္ဘာမှာဘယ်နိုင်ငံမှမသုံး
  အရှည်ကြာဆုံး အဆန်းတီထွင်
  နှစ်တစ်ရာင် ပြစ်ဒဏ်ချ

- လူ့အသက်မက တမလွန်အထိပါ
  ကြားရသူတကာ မျက်ဖြူဆိုက်
  အမိုက်တကာ့အမိုက်ဖုံး မတရားဆုံး။

- လောကမှာသူ့အလှည့်ကိုယ့်အလှည့်
  သံသရာရဲ့တကွေ့ကွေ့
  နအဖတို့ တွေ့ရမည်မလွဲ
  နောက်တပွဲဒင်းတို့စောင့်ကြည့်
  လားကြရမည်အဝီစိ။

စိုင်းမောက် (သျှမ်းပြည်)



INDP 222 Burmese.pmd 40 25/1/2549, 13:29

# ပန်းမြို့တော်မှ ငရဲမြို့တော်သို့ ပြင်ဦးလွင်အကြောင်း တစေ့တစောင်း





ပြင်ဦးလွင်မြို့သည် ယခင်ကမေမြို့ဟု အမည်တွင်၏။ အင်္ဂလိပ်ခေတ်က "မေ" အမည်ရှိ အင်္ဂလိပ်အာဏာပိုင်တစ်ဦးက စတင်တည်ထောင်ခဲ့သည့်အတွက် မေမြို့ အမည်တွင်သည်ဟုပြောဆိုကြသည်။ နဝတခေတ်မှစ၍ မေမြို့အမည်ကိုဖျက်သိမ်းကာ ပြင်ဦးလွင်မြို့ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ပြင်ဦးလွင်သည် ယခင်ကရှမ်းပြည်ထဲပါဝင်သော မြို့ကြီးတမြို့ဖြစ်သည်။ ယခင်က ဝက်ဝံရွာ အထိ ပြည်ခြားမှတ်တိုင် စိုက်ထားသော်လည်း မဟာဗမာ နယ်ချဲ့တို့ကြိုက် သလိုရွှေ့လျား စိုက်ထူခဲ့ရ၏။ ယခုအခါ ဝက်ဝံရွာလည်း မန္တလေးတိုင်းထဲ ရောက်သွားတော့သည်။ လူလုပ်သည့်နယ်ခြားကျောက်တိုင်ကို လိုသလိုရွှေ့လျား စိုက်ထူနိုင်သော်လည်း သမိုင်းအစစ်အမှန် လူ့နှလုံးသားမှတ်တိုင်ကိုကား ရွှေ့တိုင်းရွှေ့မည်မဟုတ်။ ပြင်ဦးလွင်မြို့တွင် ရှမ်း၊ ကချင်၊ ကရင်၊ ဗမာ၊ ကုလား၊ တရုတ်စသော ဒေသခံ လူမျိုးပေါင်းစုံ ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြပါသည်။ မဟာဗမာ လူမျိုးကြီးဝါဒီ စစ်အာဏာရှင်တို့ကတော့ ဒေသခံပြည်သူများအပေါ် သွေးစုပ်ခြယ်လှယ်ခဲ့ကြသည်မှာ နှစ်ပေါင်းမနည်းတော့။

ဗမာပြည်နှင့်ဝေးလံလှသည့် တောင်ပေါ်တိုင်းရင်းသား ဌာနေပြည်သူများကို သတ်ဖြတ်၊ မုဒိမ်းကျင့် ရွာမီးရှို့၊ ရက်စက်ကြမ်းကြုတ်မှုများ ပြောင်ပြောင်တင်းတင်း လုပ်နေကြသကဲ့သို့ ပြင်ဦးလွင် လူထုအပေါ်ကိုလည်း နအဖတို့အိမ်ယာ၊ ခြံ ဝင်းနှင့် စိုက်ပျိုးမြေများ အဓမ္မသိမ်းဆည်းခြင်း၊ အရပ်ဒေသနှင့် မအပ်စပ်သည့်သီးနှံများ မ စိုက်မနေရ အတင်းစိုက်ပျိုးခိုင်းခြင်း စသောဖိနှိပ် ချုပ်ခြယ်မှုများ ပြုလုပ်လာကြသည်။

ပြင်ဦးလွင်ကို ပန်းမြို့တော်ဟုတင်စားကြပါ သည်။ လှပသောပန်းမျိုးစုံဖူးပွင့်သည့် ရက္ခဗေဒဥယျာဉ်၊ ပိတ်ချင်းမြောင် လိုဏ်ဂူဘုရား၊ ပွဲကောက်ရေတံခွန်၊ ဓါတ်တော်ချိုင့်ရေတံခွန် စသောထင်ရှားသည့်နေရာများတွင် အေးမြ သောရာသီဥတုနှင့် ထင်းရှူးပင်ရိပ်တို့သည် လူတကာကို စိတ်ချမ်းသာမှု ပေးစွမ်းနိုင်ပါသည်။ ပြင်ဦးလွင်နှင့်တူသည့် ကလောမြို့၊ ကွတ်ခိုင်မြို့တို့သည်လည်း နှစ်လိုဖွယ်ကောင်းသော ရှုခင်းနှင့် အေးမြသော ရာသီဥတုရှိကြပါသည်။ ထို့ကြောင့် ကိုလိုနီခေတ်တွင် အင်္ဂလိပ်တို့သည် ကောင်းမေ့ဆိုသည့် အဆိုပါအရပ်ဒေသများကို ရွေးခြယ်ခဲ့ကြသည်။ အေးမြသောရာသီဥတုရှိပြီး စတော်ဘယ်ရီ၊ မက်မွန်၊ မက်မန်း၊ သစ်တော်စသောသီးနှံပင်များ ဖြစ်ထွန်းထွက်ရှိသော ပြင်ဦးလွင်လို နေရာမျိုးတွင် သွေးစွန်းသော နအဖလက်နက်ကိုင်တပ်များက စစ်တပ်မြို့တော်အဖြစ် ပြုလုပ်ကြခြင်းမှာ "နေနှင့်ရေနံဆီမီးခွက်စုတ်၊ ရွှေရုပ်နှင့်မီးသွေးခဲ"ပမာ လိုက်ဖက်မှုမရှိတကား။

များပြားလှသော စစ်စခန်းများ၊ နှစ်စဉ်နှစ်တိုင်း ပြည်သူကိုဖိနှိပ်မည့် စစ်ဗိုလ်လောင်း (၃၀၀၀) ခန့် မွေးထုတ်ပေးသည့် DSA ကျောင်း၊ နိုင်ငံခြားသားများ ငှားရမ်းသင်ကြားပေးသော စစ်တပ်နည်းပညာကောလိပ်၊ စစ်လေ့ကျင့်ရေးစခန်းများဖြင့် ဗမာစစ်ဗိုလ်ချုပ်ကြီးတို့ ပြင်ဦးလွင်၌ တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ပြင်ဦးလွင်ရှိ လူဦးရေနှင့် နအဖစစ်သားများ၏ အရေအတွက်သည်ညီမျှသလောက်ရှိပါသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် စစ်ရောင်ယူနီဖောင်းစိမ်းကြီးများ မြို့တွင်း ပြည့်နှက်နေတော့သည်။

ထိုထို့သောအဆောက်အဦးများ တည်ဆောက်မည့် မြေနေရာ၊ ၎င်းတို့လိုအပ်သည့် စိုက်ပျိုးမြေ၊ ရေနှင့် သစ်ပင်ဝါးပင်မှန်သမျှ ပြည်သူများထံမှ ဝယ်ယူကြပါသလား။ ၎င်းတို့ဗမာပြည်မှ သယ်ဆောင်လာကြပါသလား။ "မပြောလည်းသိပါ၏၊ ပြည်သူများ မလိမ်ညာတတ်"ဆိုသည့်သီချင်းအတိုင်း လယ်ယာဥယျာဉ်ခြံမြေများ အသိမ်းခံရသဖြင့် အလုပ်လက်မဲ့ဖြစ်ပြီး ဆင်းရဲငတ်မွတ်သွားသော တောင်သူဦးကြီးတို့၏ ငိုသံများ၊ အသိမ်းခံ မိမိခြံတွင်းမှ သီးနှံပင်များ မှည့်ဝင်းနေသည်ကို ဆွတ်ခူးခွင့်မရ "မြင်သာမြင် မကြင်ရတဲ့ဘဝ"၌ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း များစွာဖြင့် ဒေသခံတို့၏ ဗျာပါဒမျက်ရည်များ သားစဉ်မြေးဆက်ယိုစီး



INDP 222 Burmese.pmd 41 25/1/2549, 13:29

တောက်လောင်နေတော့သည်။

အိမ်ခြေ ၃၀၀ – ၄၀၀ အတွက် စားဝတ်နေရေး ဖူလုံသောအချို့စိုက်ပျိုးမြေများကို များအရ နအဖတို့သည် ကမ္ဘာကိုခြိမ်းခြောက်မည့် အဏုမြူလက်နက်စက်ရုံကြီးကို ပြင်ဦးလွင်၌ တည်ဆောက်ရန် လျှို့ဝှက်စီမံကိန်းဖြင့် လုပ်ဆောင်နေပြီဖြစ်ကြောင်း။ ပြင်ဦးလွင်မှ နောင်ချိုသို့ အထွက်မေမြို့ အရှေ့တောင်ဖက် 7-8 မိုင်ခန့် ဝေးသော ရေတာလျှောက်ရွာ လမ်းခွဲမှ ဝင်သွားလျှင်



နအဖ အာဏာပိုင်တို့က ကိုယ်ကျိုးအတွက် တရုတ်ကုမ္ပဏီကြီးများနှင့် အပေးအယူလုပ်သိမ်း ပိုက်လိုက်ကြသည်။ အမှန်အတိုင်း ပြောဆိုဖေါ် ပြခွင့်မရသဖြင့် ဒေသခံများအဖို့ ဆုပ်လည်းဆူး စားလည်းရူး အဆင့်ထက် ကျော်လွန်နေပါသည်။

သံသရာအပါယ်ငရဲ အကျခံရသည့် ဘဝ သော်မှ အချိန်တန်လျှင် လွတ်မြောက်နိုင်သေး၏။ နအဖဖန်တီးသော ဒုက္ခပေါင်းစုံငရဲတွင်းမှ လွတ်မြောက်ရာလမ်းကား ဘဝသံသရာ ထက်ရှည်လျားလှ၏။ တိုင်းပြည်ကိုချစ်ပါသည်၊ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးစေမည်ဟူသော စစ်ပိုလ်ချုပ်ကြီးများ၏ ကြွေးကြော်သံနှင့် တကယ့်ဖြစ်ရပ်နှိုင်းယှဉ်ကြည့်လိုက်ပါက အရာရာမြေကြီးလက်ခတ်လွဲနေကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ရသည်။

မီးခြစ်ကိုမြင်သဖြင့် မီးကိုဆော့ချင်သည့် မျောက်က ယခုအခါ မီးခြစ်ကိုရှာတွေ့တော့မည်။ တောတောင်ကိုပါ လောင်မြိုက်ဘို့မီးနှင့်ရှို့ရန်ဆော့ကစားကြည့်ချင်၏။ ပြီးလျှင် အရှုးပမာအော်ဟစ်ကာ အူမြူးချင်ပေမည်။ ရှေ့ရေးမျှော်တွေးကြည့်တတ်သူတို့အဖို့ ကြောက်ခမန်းလိလိမိရင်တုန်မိသည်။ နအဖ စစ်ပိုလ်ချုပ်ကြီးများကား မျောက်မူးလဲ အစားထဲကဖြစ်သည်။

ပြင်ဦးလွင်သတင်းရပ်ကွက် ပြောဆိုသံ နောင်လျဲန်၊ မိန်းလုန်း၊ ပါအေကျေးရွာများ၌ တောင်တန်းများဝန်းရံထားသည့် မြေပြန့်ရှိပါသည်။ ၎င်းချိုင့်ဝှမ်းနှင့် ရွာမြေနေရာအားလုံးကို လွန်ခဲ့သောနှစ်နှစ်ခန့်က တပ်နယ်မြေအဖြစ် သိမ်းဆည်းလိုက်ပါသည်။ ၎င်းနယ်မြေအတွင်း မြူခိုးများအမြဲတမ်းအုပ်ဆိုင်းနေသဖြင့် လေယာဉ်ပေါ်မှကြည့်လျှင် မမြင်နိုင်ကြောင်း၊ ထို့ကြောင့်ထိုနေရာတွင် အဏုမြူလက်နက်စက်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း၊ ထိုနေရာသို့ကား လမ်းများဖောက်လုပ်နေပြီဖြစ်ကြောင်း၊ မြေပြန့်ချိုင့်ဝှမ်းကို ဝန်းရံထားသော တောင်များတွင် လှိုဏ်ခေါင်းများ တူးဖေါ်နေပြီဖြစ်ကြောင်း၊ ထိုဒေသအတွင်း ပြည်သူများ ဖြတ်သန်းသွားလာမှု တားမြစ်ထားကြောင်းသိရပါသည်။ ထိုနေရာ တပိုက်ဝင်ရောက်ဖြတ်သန်းမိလျှင် ဖမ်းဆီးထောင်ဒဏ်ချမည်ဟု အမိန့်ထုတ်ထားကြောင်း ဒေသခံတချို့က ပြောပြပါသည်။

ထိုအဏုမြူလက်နက်စက်ရုံနှင့် ဆက်စပ်သောဓါတုပစ္စည်းများ လေယာဉ်ဖြင့်သယ်ဆောင်နိုင်ရန် လေယာဉ်ကွင်းလည်း အပြင်းအထန်တည်ဆောက်နေပြီဖြစ်၏။ လွန်ခဲ့သောနှစ်များက ပြင်ဦးလွင်၏တောင်ဖက်ခြမ်းအနီးစခန်းရွာတွင် လေယာဉ်ကွင်းတည်ဆောက်ခဲ့ပြီးဖြစ်သည်။ လေယာဉ်ပျံကွင်း မြေနေရာအတွက် အနီးစခန်း၊ ဆင်ခေါင်းကြီး၊ ကန်ကြီးကုန်း၊ ဥာဏ်ညင်းသာ၊ ပေါင်းတော စသောရွာများ၊ အိမ်များ၊ စိုက်ပျိုးမြေများ ရှုံးဆုံးလိုက်ရ၏။ အချို့တိုက်အိမ်ကြီးများ အဖျက်ခံရပြီးပေ 60x40 မြေကွက်သာပေးသည့် အခြားအရပ်ဒေသသို့ ပြောင်းကြရပါသည်။ အနီးစခန်းရွာတဝက်ခန့်အဖျက်ခံရပြီး ဆင်ခေါင်းကြီး၊ ကန်ကြီးကုန်း၊ ဥာဏ်ညင်းသာ ရွာများဆိုလျှင် ရွာလုံးကျွတ်အသိမ်းဆည်းခံ၊ အဖျက်ဆီးခံကြရသည်။ ပေါင်းတောရွာအဖို့ စိုက်ပျိုးမြေအားလုံးနီးပါးဆုံးရှုံးရ၏။ 3-4 မိုင်ခန့်ရှည်သော ရွာတန်းကြီးများ အဖျက်ခံရသည်။ လက်မရှိ့အာဏာသားနအဖတို့ လုပ်ရပ်အပေါ် ပန်းမြို့တော်မှ ပြည်သူများ၏မကျေနပ်မှုညီးငြူသံများတနေ့တခြားကျယ် လောင်လာပေ၏။

ဤတွင် အနာဂတ်အတွက် ရင်းလေးဖွယ်ရာများ ပန်းမြို့တော်တွင်ဖြစ်ပေါ်နေပါ၏။ လူ့အဆောက်အအုံ တောရောမြို့ရောမကျန်သတ္တဝါအားလုံးနှင့် သဘာဝသံယံဇာတများ ပျက်သုဉ်းဆုံးရှုံးရတော့မည်။ စင်စစ်မာလာပန်းအလှတွင် အာဏာစခန်းချလုပ်ဆောင်သည့် နအဖစစ်ဗိုလ်များသည် အသိဉာဏ်ရော မျှော်လင့်ချက်ပါကင်းမဲ့သည့် မကောင်းဆိုးဝါး ဝိသမ လောဘ သားများသာတည်း။

**သီပေါတောကျား** (28.07.05)

မေမြို့သည်ယခင်သျှမ်းပြည်ပဒေသရာဇ်ခေတ်တွင် သီပေါစော်ဘွားနယ်ထဲပါဝင်ခဲ့သော အစိတ်အပိုင်းဖြစ်၏။ (ပြင်ဦးဆိုသည်မှာလည်း သျှမ်းစကား ပန်အူခေါ် အာနုဘော်ရှင်ပြင်မှ ဆင်းသက်လာခြင်းဖြစ်သည်။) အင်္ဂလိပ်ခေတ်တွင် ရာသီဥတုသာယာမျှတသော ကုန်းမြင့်မှ နေ၍ အထက်ဗမာပြည် အုပ်ချုပ်ရေးယန္တရားကို စီမံခန့်ခွဲရန် ရုံးစိုက်ရာမြို့အဖြစ် ကိုလိုနီခေတ်နှောင်းပိုင်း၌ ဗြိတိသျှအာဏာပိုင်များ သိမ်းပိုက်လိုက်ကြသည်။ နောက်ဆုံးတွင်ကား ဗမာပြည်မန္တလေးတိုင်းအတွင်း မလွတ်တမ်း သွတ်သွင်းခြင်းခံလိုက်ရ၏။ ဗြိတိသျှတို့ထွက်ခွါသွားသည်နှင့် အုပ်ချုပ်သူ ဗမာအစိုးရလက်တွင်းချက်ချင်း သက်ဆင်းကျရောက်ပြီးသား ဖြစ်သွား သောကြောင့်ပင်။

**(အယ်ဒီတာ)**



INDP 222 Burmese.pmd 42 25/1/2549, 13:29

# မြေခွေးအုပ်၏ ကြုံးဝါးသံ



4.1.06 လွတ်လပ်ရေးနေ့မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ သဝဏ်လွှာကို ရန်ကုန်တိုင်းတိုင်းမှူး ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖတ်ကြားရာမှာ "*နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာမှန်ကန်မှုနှင့် ကျင့်သုံးသောမူဝါဒမှန်ကန်မှုတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း 17 ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပေသည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့အစည်းများအနက် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ပြီး လက်နက်ကိုင် အပြီးအပိုင်စွန့်လွှတ်ခဲ့သော အဖွဲ့အစည်းများလည်း ရှိနေပြီဖြစ်သည်*"။

> **"SSA-S တပ်က ရိက္ခာတွေပြတ်၊ ဌာနချုပ်နဲ့ ဆက်သွယ်ဖို့ ဓါတ်ခဲတွေလဲကုန်– အစားမထိုး နိုင်ဖြစ်သွားတဲ့အချိန်မှာ လက်နက်ချလိုက်ရတာဖြစ်တယ်။ နောက်တခုဖြစ်နိုင်တာက စဝ်ခွန်ကျော်ရဲ့မိဘကို နအဖတပ်က ထိန်းချုပ်ထားတယ်လို့ပြောတဲ့** ဒေသခံတွေလဲရှိပါ တယ်"

BBC ။ အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ အပြီးတိုင်လက်နက်စွန့်တဲ့ကိစ္စကို အလေးပေးပြောသွားတာကြောင့် လက်နက်မစွန့်သေးတဲ့ အပစ်အခတ်ရပ်အဖွဲ့တွေအပေါ် လက်နက်စွန့်ဖို့ ဖိအားပေးမဲ့သဘောမျိုးရှိတယ်လို့ နိုင်ငံရေးအကဲခတ်တွေခန့်မှန်းကြ ပါတယ်။ 2006 လဆန်း 2 ရက်နေ့က SSA-S တပ်မဟာ 241 တပ်မဟာမှူး ဒုဗမက စဝ်ခွန်ကျော် ခေါ် သံချောင်းနဲ့ တပ်ရင်းမှူး ဗိုလ်ကြီးစိုင်းဖုန်းတို့ အပါအဝင် တပ်သား 40 နီးပါး လက်နက်ချသွားကြတာက ဘာ့ကြောင့်ပါလဲ?။

**သျှမ်း** ။ "နံပါတ် 1 ကတော့ တောင်ပိုင်းကနေ မြောက်ပိုင်းကို သူတို့ချီ တက်တုံးက လျှို့ဝှက်စွာ တက်သွားဖို့ဖြစ်ပေမယ့် သတင်းပေါက်ကြားသွားပါတယ်။ နအဖတပ်က လက်ဦးမှုရယူဘို့ ရမခတိုင်းအောက်မှာရှိတဲ့ တပ်ရင်းတွေအားလုံးကို အသုံးချပြီး သူတို့ကို လိုက်လံရှင်းလင်းပါတယ်။ နမ့်ခမ်း နယ်မြေထဲ ရောက်သွားတော့ နအဖတပ်ရင်း တပ်ဖွဲ့အကုန်လုံးကို တိုင်းမှူးက ဝိုင်းဝန်းညှပ် ပိတ်ခြေမှုန်းဘို့ အမိန့်ပေးပါတယ်။ အစက တော့ SSA-S က တိုက်ပွဲတွေမဖြစ်အောင် အတတ်နိုင်ဆုံး ရှောင်ခဲ့ပါတယ်။ အဓိကတော့ သျှမ်းပြည်ကချင်ပြည် တရုတ်နယ်စပ်ကြား သူတို့အခြေချလှုပ်ရှားဖို့ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့သွားရောက်တဲ့အချိန်မှာ သင့်တော်တဲ့ အချိန် မဟုတ် တော့ဘူး။ ဒေသခံလူထုက SSA-S တပ်ဖွဲ့တွေ သူတို့ရွာမှာ လာမတောင်းစားပါဘူး။ သူတို့ရွာနားဖြတ်သန်းမှု မရှိဘူးဆိုတာ သူတို့အာမခံချက်ပေးရတယ်။ နအဖတပ်ရင်းတပ်ဖွဲ့တိုင်းကလဲ သူတို့ကျရာ နေရာမှာ SSA-S တပ်ရောက်မလာဘူး။ ရောက်လာရင် အလွှတ်မပေးဘူးဆိုတာ သူတို့အာမခံချက်ပေးရတယ်။ တိုင်းမှူးမြင့်လှိုင်က လူထုကိုကော၊ သူ့တပ်ရင်းတပ်ဖွဲ့ အားလုံးကိုရောအကြပ်ကိုင်ထားတယ်။ အဲလိုနဲ့ SSA-S တပ်က ရိက္ခာတွေပြတ်၊ ဌာနချုပ်နဲ့ ဆက်သွယ်ဖို့ ဓါတ်ခဲတွေလဲကုန်– အစားမထိုး နိုင်ဖြစ်သွားတဲ့အချိန်မှာ လက် နက်ချလိုက်ရတာဖြစ်တယ်။ နောက်တခုဖြစ်နိုင်တာက စဝ်ခွန်ကျော်ရဲ့မိဘကို နအဖတပ်က ထိန်းချုပ်ထားတယ်လို့ပြောတဲ့ ဒေသခံတွေလဲရှိပါတယ်။ သူမိဘ ကို ငဲ့ညှာရတာဖြစ်တယ်လို့ ဆိုပါတယ်"။

BBC။ SSA-S အဓိကအခြေစိုက်တာက ထိုင်းနယ်စပ်ဘက်ဖြစ်ပြီးတော့ အခုသူတို့နယ်မြေမဟုတ်တဲ့နဲ့ တရုတ်နယ်စပ်အထိသွားရောက်တာဟာ ဘာကြောင့်ပါလဲ?။

**သျှမ်း** ။ "အဲဒါ SSA-S ဗဟိုရဲ့ စီမံချက်လား၊ စဝ်ခွန်ကျော်ရဲ့ ကိုယ်ပိုင် ရည်မှန်းချက်လား ဆိုလား မပြောပြနိုင်ပါဘူး။ သူဟာအရင်က ABSDF မြောက်ပိုင်းစစ်ရေး တာဝန်ခံလုပ်ခဲ့တယ်။ သူလှုပ်ရှားဘူးတဲ့နေရာကို ပြန်လှုပ်ရှား နိုင်ဘို့ကြိုးစားတယ်လို့ ယူဆနိုင်ပါတယ်"။

BBC။ SSA-S ရဲ့တပ်ဖွဲ့တဖွဲ့ လက်နက်ချသွားလို့ SSA-S တခုလုံးကို ဘယ်လောက်ထိခိုက် နိုင်ပါသလဲ?။

**သျှမ်း** ။ "အဓိကက စိတ်ဓါတ်ရေးရာအရ ယာယီထိခိုက်နိုင်ပါတယ်။ သူတို့ရဲ့ နိုင်ငံရေးစစ်ရေးလှုပ်ရှားမှုအပိုင်းကတော့ နဂိုအတိုင်းပါဘဲ"။

BBC (6/1/06)



INDP 222 Burmese.pmd 43 25/1/2549, 13:29

# ဘာ ဟိုနေ့ဒီနေ့လဲ

ကမ္ဘာ့နိုင်ငံအသီးသီးမှာ နေ့ထူးနေ့မြတ်တွေရှိကြပါတယ်။ ဝမ်းသာစရာနေ့ထူးတွေရှိသလို ဝမ်းနည်းကျေ ကွဲဘွယ်နေ့ထူးတွေလည်း ရှိကြပါတယ်။ ဝမ်းသာဂုဏ်ပြုရတဲ့နေ့ကို စုပေါင်းညီညာပွဲ လမ်းသဘင်ဆင်ယင်ကျင်းပကြသလို ဝမ်းနည်းကျေကွဲရတဲ့နေ့ရက်တွေကိုတော့ ငြိမ်သက်စွာကျင်းပလေ့ရှိကြတဲ့ အစဉ်အလာတွေရှိကြပါတယ်။

ပြည်ထောင်စုနေ့ဆိုတာလည်း အစစ်အမှန်ရှိသလို အတုနေ့တွေ အဓမ္မဖန်တီးယူကြတာလဲရှိပါတယ်။ ချင်းအမျိုးသားနေ့သတ်မှတ်တာနဲ့ ချင်းပြည်နယ်နေ့သတ်မှတ်တာ၊ မွန်အမျိုးသားနေ့သတ်မှတ်တာနဲ့ မွန်ပြည်နယ်နေ့သတ်မှတ်တာတွေဟာ ပြဿနာဖြစ်လာပါတယ်။ နေ့ထူးနေ့မြတ်ဘဲဖြစ်ဖြစ် သက်ဆိုင်ရာအမျိုးသား ဘယ်သူ့ရဲ့နေ့ထူးနေ့မြတ်ဘဲဖြစ်ဖြစ် သက်ဆိုင်ရာ အမျိုးသားနေ့ရဲ့အတွေ့အကြုံခံစားချက်နဲ့ မွေးရာပါ အခွင့်အရေးတွေအရ မိမိတို့လိုလားတဲ့နေ့ရက်ကို ဝိုင်းဝန်းသတ်မှတ်နိုင်ကြပါတယ်။ မိမိတို့လိုလားတဲ့ အခေါ်အဝေါ် ပညတ်ချက်အရ မိမိတို့တာဝန်ဘဲဖြစ်တယ်။ ဘာမှမဆိုင်တဲ့ ပြင်ပအဖွဲ့အစည်းက ကိုယ်တိုင်မတွေ့ကြုံနားမလည်ဘဲ ဝင်ပြီးဆုံးဖြတ်သတ် မှတ်ပေးဘို့အခွင့်အရေးနဲ့ တာဝန်မရှိပါဘူး။ တမျိုးသားလုံးအတိုင်းအတာ တွေ့ကြုံခံစားရတဲ့ နေ့ထူးနေ့မြတ်ကို လူ့အသိုင်းအဝိုင်းတခု၊ ပါတီအဖွဲ့တခုက လိုရာဆွဲပြီးသတ်မှတ်ပေးလို့မရပါဘူး။ အဲဒီနေ့ရက်ရဲ့ဇစ်မြစ် အတွေ့အကြုံနဲ့ ဖြစ်စဉ်အရ ဘာ့ကြောင့် ဘယ်နေရာ မှာ ဘယ်သူတွေပါဝင်ပြီး အမှန်တကယ် ဘယ်လိုဖြစ်ပျက်ခဲ့ရသလဲဆိုတဲ့ အပေါ်မှာဆုံးဖြတ်ရမှာပါ။

ပထဝီအနေအထားအရ ဒီနေ့သျှမ်းပြည်ဟာ မြောက်ဘက်မှာ ကချင်ပြည်၊ တရုတ်ပြည်၊ အနောက်ဘက်မှာ ဗမာပြည်၊ အရှေ့ဖက်မှာ တရုတ်၊ လော၊ ထိုင်း။ တောင်ဖက်မှာ ကရင်နီပြည်တို့ ရှိကြပါတယ်။ ပင်လယ်ပြင်ထက်အမြင့်ပေ 2-3000 ကျော်မှာ ကျယ်ပြန့်တဲ့ သျှမ်းကုန်းပြင်မြင့်အဖြစ် ထင်ရှားနေပါတယ်။ မြောက်ပိုင်းမှာ ပလောင်၊ ကချင်၊ ကိုးကန့်၊ ဝ၊ တိုင်း။ တောင်ပိုင်းမှာ ခနေ့၊ အင်းသား၊ ပအိုဝ်း၊ တိုင်း။ အရှေ့ပိုင်းမှာ လားဟူ၊ အခါ၊ တိုင်း လူမျိုးတွေနေထိုင်ကြပါတယ်။

အများသိနေကြတဲ့ဂျင်ခေါက် (ထွမ်းစား) သုံးနှုန်းတဲ့လူမျိုးဟာ သျှမ်းလူမျိုးအားလုံးကို ကိုယ်စားမပြုပါဘူး။ သူတို့ကိုယ်သူတို့ တိုင်း



(Tai)လို့ ခေါ်ဝေါ်သုံးနှုန်းပါတယ်။ ဥပမာ တိုင်းယောင်ဟွေ့ Tai Yawnghwe (ညောင်ရွှေ) တိုင်းမိန်းနိုင်း Tai Mongnai (မိုးနဲ)၊ တိုင်းလိုင်းခါ့ Tai Laikha (လဲချား)၊ တိုင်းကျိုင်းတုံ Tai Kengtung၊ တိုင်းဆီပေါ့ Tai Hsipaw (သီပေါ) စသဖြင့် တိုင်းကို ရှေ့ထားပြီး ဒေသအလိုက်ခေါ်ဝေါ်ကြပါ တယ်။

တရုတ်ပြည် ယူနန်ပြည်နယ်ထဲမှာလဲ တိုင်းတိုက်ခုန်း Dehongdai၊ တိုင်းဆစ်ဆောင်ပန်းနား Tai Sipsongpanna၊ လောပြည်မှာ တိုင်းလိ၊ တိုင်းလျဲမ်း Tai Lü, Tai Lem၊ ထိုင်းမှာ တိုင်းဆယမ် Tai Siam တွေရှိကြ ပါတယ်။ Tai ကြားမှာ(h) တလုံးထပ်ဖြည့်ပြီး Thai ထိုင်းဖြစ်လာတာ 1932 မှာပါ။ ဗီယက်နမ်မြောက်ပိုင်း နယ်ချဲ့ပြင်သစ်ရဲ့ ဒုတိယကမ္ဘာစစ်နောက်ဆုံးခံတပ် ဒင်ဘင်ဖူးဒေသမှာ တိုင်းလမ် တိုင်းခေါင် Tai Lam, Tai Khao, ကမ်ဖူးချားမှာ တိုင်းဖိုင်းလင်း Tai Pailin, ကချင်ပြည် မှာ တိုင်းလျဲန် Tai Laeng စစ်ကိုင်းတိုင်းမှာ တိုင်းခွမ်တီး Tai Khamti ၊ အိန္ဒိယ အာသံမှာ တိုင်းအဟုမ် Tai Ahom လို့ခေါ်တာတွေလဲ ရှိကြပါတယ်။

သမိုင်းအရ သျှမ်းပြည်မှာ (33) နယ်ပယ် သတ်မှတ်ခဲ့ပြီး၊ နောက်ပိုင်း ကိုးကန့်အပါအဝင် (34) နယ်ဖြစ်လာပါတယ်။ သျှမ်းပြည်ရှိလူမျိုးတိုင်းနီးပါး စော်ဘွားတွေရှိခဲ့ကြပါတယ်။ လူဦးရေနဲ့နယ်မြေအနေအထားအရ တိုင်းစော်ဘွားနယ်ရှင်ကအများစုပါ။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပဒေသရာဇ်စနစ်ကနေ ဒီမိုကရေစီစနစ်ထွန်းကားလာတဲ့အပေါ် သျှမ်းပြည်မှာလည်း ပဒေသရာဇ်စနစ်ဆန့်ကျင်ရေး ပေါ်ထွန်းလာပြီး ပြည်သူလူထုကို ပညာပေး စည်းရုံး လာပါတယ်။ ပညာတတ်လူငယ်တွေ သျှမ်းပြည်လွတ်လပ်ရေးအဖွဲ့(ရပလဖ)ကို တည်ထောင် လှုပ်ရှားခဲ့ကြပါတယ်။ နိုင်ငံတကာလှုပ်ရှားမှုနဲ့ ဆက်စပ်ပြီး နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ်စနစ်ဆန့်ကျင်ရေးအတွက် လူထုလှုပ်ရှားမှု လုပ်



INDP 222 Burmese.pmd 44 25/1/2549, 13:29

လာကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ဗမာလူငယ်တွေ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လွတ်လပ်ရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေတဲ့အချိန်လဲဖြစ်ပါတယ်။

စော်ဘွားတွေဟာ သျှမ်းပြည်လူငယ်များ ခေါင်းဆောင်တဲ့လူထုလှုပ်ရှားမှုကြောင့် နောက်ဆုံး 1947 ဖေဖေါ်ဝါရီလ (7) ရက်နေ့မှာ ပြည်ထောင်စုသျှမ်းပြည်ကောင်စီနဲ့ လူထုကိုယ်စားလှယ်တို့ဟာ အနာဂတ်သျှမ်းပြည်အုပ်ချုပ်ရေးမှာ နယ်ရှင်ပဒေသရာဇ်တဝက် လူထုကိုယ်စားလှယ်တဝက် အာဏာခွဲဝေအုပ်ချုပ်သွားဖို့ သဘောတူလက်မှတ်ရေးထိုးလိုက်ကြပါတယ်။

ပင်လုံစာချုပ် လက် မှတ်မထိုးခင် စော်ဘွားများပါဝင်တဲ့ ပြည်ထောင်စုသျှမ်းပြည်ကောင်စီရဲ့ကိုယ်စား ပလောင် အြမျိုးသားစော်ဘွားကြီး စဝ်ခွန်ပန်းစိန်က ဦးဆောင်ပြီး လူထုကိုယ်စားလှယ်တွေဖြစ်တဲ့ အင်းလေးဒေသ ပညာတတ်လူငယ် ဦးတင်အေး၊ ဦးထွန်းမြင့်၊ ခနေလူမျိုး ပင်းတယ ဦးခွန်စောနဲ့ ပင်လုံ ဦးခွန်ထီးတို့က 7/2/1947 ရက်နေ့ကို သျှမ်းအမျိုးသားနေ့အဖြစ် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

**“သျှမ်းပြည်လူ မျိုးပေါင်းစုံကို ကိုယ်စားပြုအကျိုးပေးတဲ့ အောင်မြင်မှုဖြစ်တာကြောင့် သျှမ်းပြည်အမျိုးသားနေ့ National Day (Shan State) ရယ်လို့ အထင်အရှား သတ်မှတ်လိုက်ကြတာဖြစ်တယ်”**

အနာဂတ်သျှမ်းပြည် အုပ်ချုပ်ရေးအတွက် လူမျိုးပေါင်းစုံစော်ဘွားများ၊ သျှမ်းပြည်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရပလဖ) နဲ့ သျှမ်းပြည်လူထုကိုယ်စားလှယ်တွေ ပါဝင်လက်မှတ်ထိုး သဘောတူညီခဲ့ကြတာဖြစ်တယ်။ ရင်ကြားစေ့ညှိနှိုင်းပြီး သျှမ်းပြည်လူမျိုးပေါင်းစုံကို ကိုယ်စားပြုအကျိုးပေးတဲ့ အောင်မြင်မှုဖြစ်တာကြောင့် သျှမ်းပြည်အမျိုးသားနေ့ National Day (Shan State) ရယ်လို့ အထင်အရှားသတ်မှတ်လိုက် ကြတာဖြစ်တယ်။ ဒီလိုထင်ရှားပြီး သမိုင်းအထောက်အထားခိုင်လုံတဲ့ သျှမ်းပြည်အမျိုးသားနေ့ဟာ မကြာခင်မှာဘဲ ပြင်ပ ပယောဂရဲ့ သွေးထိုးမှုကိုခံရလို့ နေ့ထူးနေ့မြတ်ရဲ့ ဇစ်မြစ်အပေါ်အခြေခံရမှာကို မေ့ပျောက်ပြီး သမိုင်းတန်ဘိုးမသိသူတွေက ကိုယ်လိုရာဆွဲခဲ့ကြပါတယ်။ ဝမ်းတိုင်း (တိုင်းနေ့) Tai Day ခေါ်ချင်သူခေါ်၊ ဝမ်းမိန်းတိုင်း (သျှမ်း ပြည်နယ်နေ့) Shan State Day ခေါ်ချင်သူခေါ် ဖြစ်လာပါတယ်။ ရှင်းနေတာကို ရှုပ်ထွေးအောင် မဆင်မခြင်ပြုခဲ့ကြတာဖြစ်တယ်။ နောင်တက်လာမဲ့မျိုးဆက်သစ် သျှမ်းပြည်လူငယ်တွေအတွက် အမြင်မရှင်းဘဲ ဇဝေဇဝါဖြစ်ရပါတယ်။ ဒါ့ကြောင့် အခြေအမြစ်အရ ဒီနေ့ထူးနေ့မြတ်ကြီး ဖြစ်ပေါ်လာပုံနဲ့ ပါဝင်လက်မှတ်ရေးထိုးကြတဲ့ ခေါင်းဆောင်ပုဂ္ဂိုလ်တွေဟာ သျှမ်းပြည်လူမျိုးပေါင်းစုံ ပါဝင်ခဲ့တာကြောင့် ဝမ်းတိုင်း (တိုင်းနေ့) TAI DAY ဆိုတာလုံးဝမဖြစ်နိုင်ပါဘူး။

သျှမ်းပြည်နယ်နေ့ SHAN STATE DAY သတ်မှတ်ရအောင်–

(၁) အဲဒီနေ့က ဗိုလ်ချုပ်အောင်ဆန်းနဲ့ တောင်တန်းကိုယ်စားလှယ်များ လက်မှတ်ထိုးကြတဲ့ 1947 ဖေဖေါ်ဝါရီ 12 ပင်လုံသဘောတူညီချက် စာချုပ်လည်း မချုပ်ဆိုရသေးပါဘူး။

(၂) အဲဒီနေ့မှာ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေလည်း မရေးဆွဲရသေးပါဘူး။

(၃) အဲဒီနေ့မှာ အင်္ဂလိပ်နယ်ချဲ့ လက်အောက်ကနေ လွတ်လပ်ရေး မရရှိကြသေးပါဘူး။

(၄) အဲဒီနေ့မှာ ပြည်နယ်ပေါင်းစုံပါဝင်တဲ့ တိုင်းပြု ပြည်ပြုလွှတ်တော်လည်း မခေါ်ယူမကျင်းပရသေးပါဘူး။

(၅) အဲဒီနေ့မှာ ပြည်ထောင်စုခေါ်ဆိုနိုင်အောင် ပြည်နယ်ပေါင်းစုံလည်း တရားဝင်မသတ်မှတ် မဖွဲ့စည်းရသေးပါဘူး။

ဒါ့ကြောင့်သျှမ်းပြည်နယ်နေ့လဲ လုံးဝသတ်မှတ်လို့မရပါဘူး။

သျှမ်းပြည်လူမျိုးပေါင်းစုံ နယ်ရှင်စော်ဘွား များနဲ့ ပြည်သူလူထု ကိုယ်စားလှယ်တွေ သဘောတူညီမှုရယူခဲ့ကြပြီး သျှမ်းပြည်တပြည်လုံးကို ကိုယ်စားပြုတာဖြစ်လို့ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံတဲ့ဒီ 7/2/1947 နေ့ထူးနေ့မြတ်ကို သျှမ်းအမျိုးသားနေ့ NATIONAL DAY (SHAN STAE) တိုင်းဘာသာစကားနဲ့ ဝမ်းခေးတိုင်းသာလျှင် လျော်ကန်သင့်မြတ်ကြောင်း အထင်အရှားမှတ်ယူရမှာဖြစ်တယ်။

ဒီအမျိုးသားနေ့ကို ဖြစ်ပေါ်စေတဲ့ ချစ်ကြည်ရေးစိတ်ဓါတ်ဟာ သျှမ်းပြည်သားအချင်းချင်းကြားမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခပြဿနာကို ရင်ကြားစေ့ဖြေရှင်းသွားနိုင်ပါတယ်။ နိုင်ငံတကာလူ့အဖွဲ့အစည်းရဲ့ ပြောင်းလဲတိုးတက်လာတဲ့ဖြစ်စဉ်အရရော၊ ကူးသန်းရောင်းဝယ်ရေးအရပါ သမိုင်းတလျှောက်နေ့တဓူဝံတွေ့ဆုံဆက်ဆံလာခဲ့ကြလို့ပြဿနာတွေမရှိခဲ့ကြပါဘူး။

ပြင်ပသွေးထိုးမှုတွေကြောင့် ပြဿနာတွေများလာအောင် ဖန်တီးမိကြရင် သျှမ်းပြည်လူမျိုးပေါင်းစုံဟာ ကိုယ့်သေတွင်း ကိုယ်တူးသလို တပါးကျွန်အောက်ကျရောက်နေရတယ်။ ကိုယ့်တောင်ပေါ်သားအချင်း ချင်းရဲ့ ပြဿနာကို အပေးအယူလုပ်လို့ရနိုင်ပါတယ်။

ဒီနေ့ညောင်နှစ်ပင်ညီလာခံမှာ ပြည်နယ်တွေရဲ့ တပဲသားအခွင့်အရေး တင်ပြတောင်းဆိုချက်ကို မလိုက်လျောနိုင်ဘဲ မှတ်တမ်းပြုထားပေးမယ်ဆိုတဲ့အဖြေဟာ တိုင်းရင်းသားပြည်သူတွေရဲ့ မွေးရာပါအခွင့်အရေးနဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်တဲ့ အာမခံချက်လုံးဝမဟုတ်ပါဘူး။

ပြည်ထောင်စုနေ့ကို လေ့လာရင် သျှမ်းအမျိုးသားနေ့ကိုပါ မဖြစ်မနေလေ့လာရပါတယ်။ သျှမ်းအမျိုးသားနေ့က အကြောင်းတရား၊ ပြည်ထောင်စုနေ့က အကျိုးတရားဖြစ်ခဲ့လို့ပါဘဲ။

1947 ဖေဖေါ်ဝါရီ 5/6/7 နေ့တွေမှာ စုစည်းခဲ့ကြတဲ့ သျှမ်း၊ ချင်း၊ ကချင် တောင်တန်းဒေသခေါင်းဆောင်တွေဟာ တောင်တန်းဒေသနဲ့ ဗမာပြည်တပြိုင်တည်း ပူးပေါင်းလွတ်လပ်ရေးရယူရေး မယူရေးသဘောတူညီမှုရဘို့ အကြိတ်အနယ်ဆွေးနွေးခဲ့ကြပါတယ်။

အခက်အခဲပေါင်းများစွာ ရင်ဆိုင်ပြီးမှ နောက်ဆုံး 1947 ဖေဖေါ်ဝါရီ 12 ရက်မှာ ပြည်ထောင်စုအုဋ္ဌမြစ်အတွက် ပင်လုံစာချုပ် ချုပ်နိုင်ခဲ့ကြတာဖြစ်တယ်။

ပြည်နယ်ပေါင်းစုံ ပြည်ထောင်စုတည်ဆောက်ဘို့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ 1947 ဖွဲ့စည်းပုံအခြေခံဥပဒေတင်ပြ အတည်ပြုပြီး 4/1/1948 ရက်နေ့မှာ လွတ်လပ်ရေးရတော့ သျှမ်းပြည်လဲ အဲဒီသဘောတူညီချက်အရ ပြည်နယ်တခုဖြစ်လာခဲ့ရတာပါ။

ဒါပေမဲ့ လွတ်လပ်ရေးရပြီး ဝန်ကြီးချုပ်တာဝန်ယူတဲ့ ဦးနုဟာ ဗမာလူမျိုးအတွက် ဗမာပြည်နယ်သီးခြားမဖွဲ့စည်းတော့ဘဲ ဗမာပြည်နယ်အုပ်ချုပ်ရေးဝန်ထမ်းတွေအတွက် လစာငွေဘတ်ဂျက် အကုန်အကျထပ်မရှိစေဖို့ အကြောင်းပြချက်နဲ့ ဗမာပြည်နယ်ကို ပြည်ထောင်စုထဲ ထည့်ပေါင်းအုပ်ချုပ်လာခဲ့တယ်။ တိုင်းပြည်တည်ဆောက်ရေးမှာ ဘတ်ဂျတ်ချွေတာချင်ရင် လွတ်လပ်ရေးမယူသေးဘဲ ဒိုမီနီယံအဆင့်နဲ့ ဆက်နေသွားဘို့ဘဲရှိပါတယ်။

ပင်လုံစာချုပ်သဘောတူညီချက်အရ လူမျိုးတိုင်းတန်းတူရည်တူ အခွင့်အရေးတူပူးပေါင်းဘို့ အတည်ပြုဆုံးဖြတ်ခဲ့ကြတာပါ။ ဒါ့ကြောင့်ဆက်ဆံရေးမှာ တိုင်းရင်းသားချင်းတိုင်းရင်းသား၊ ပြည်နယ်ချင်းပြည်နယ်ဘဲဖြစ်ရမယ်။ အထက်အောက်ဆက်ဆံရေးမျိုးမဟုတ်ပါဘူး။ လက်တွေ့ကျင့်သုံးတော့ ဗမာလူမျိုးက ဗမာပြည်နယ်မဖွဲ့စည်းဘဲ ပြည်ထောင်စုထဲတပါတည်းထည့်ပေါင်းထားတော့ ကျန်ပြည်နယ်တွေ တန်းတူညီတူ အခွင့်အရေးရှိမဲ့အစားအလိုအလျောက် ဗမာလူမျိုးတွေရဲ့ လက်အောက် ကျရောက်ခဲ့ရပါတယ်။

ဒီလိုဖါးတပိုင်းငါးတပိုင်း ပြည်ထောင်စုစနစ်ဟာ–

၁) ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ထိုးခဲ့တဲ့ ပင်လုံစာချုပ်သဘောတူညီချက်ကို ချိုးဖေါက်တာဖြစ်တယ်။

၂) ဗိုလ်ချုပ်အောင်ဆန်းရဲ့ အခြေခံဥပဒေရေးဆွဲရေးလမ်းညွှန် (၇)ချက်ကိုလည်း ဖေါက်ဖျက်တယ်။

၃) ပြည်ထောင်စုအတွင်းမှာ လူမျိုးတိုင်းတန်းတူရည်တူရှိပြီး ဘယ်သူမှအခွင့်အရေး ပိုမယူရဆိုတဲ့အချက်ကိုလည်း ဖေါက်ဖျက်တယ်။

၄) ဗမာလူမျိုးက အခွင့်ထူးသာလွန်မှု ရယူပြီး ကျန်တဲ့လူမျိုးတွေကို လက်အောက်ခံထားတဲ့ ပြည်ထောင်စုအတုအလိမ်ပြုလုပ် ခဲ့တာဖြစ်တယ်။

ဒါတွေဟာ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကိုဆန့်ကျင်သစ္စာဖေါက်ပြီး ကျန်ပြည်နယ်တိုင်းရင်းသားတွေအပေါ် ကလိမ်ကကျစ်လုပ်လိုက်တာဖြစ်တယ်။ တိုင်းပြည်အုပ်ချုပ်ရေး နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး တွေမှာ ကမောက်ကမဖြစ်၊ မမျှမတတာတွေ အသာစီးအနိုင်ကျင့်မှုတွေ ထူပြောလာပြီး အကြပ်အတည်းပေါင်းစုံ ရင်ဆိုင်လာရတာဖြစ်တယ်။ ပြည်ထောင်စုဖွဲ့စည်းမှုပုံစံဟာ နဂိုသဘောတူညီချက်တွေနဲ့ မကိုက်ညီတော့တာကြောင့် မကျေမနပ်မှုတွေ များလာတယ်။ အဲဒါနဲ့ 1961 ဇွန်လမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြန် လည်ပြင်ဆင်ရေးအတွက် တောင်ကြီးပြည်နယ်ပေါင်းစုံ ညီလာခံကျင်းပကြပြီး ပြည်ထောင်စုစစ်စစ်မှု FEDERAL အတွက် တင်ပြတောင်းဆိုခဲ့ကြတယ်။

"တမျိုးသားလုံးအတိုင်းအတာ တွေ့ကြုံခံစားရတဲ့ နေ့ထူးနေ့မြတ်ကို လူ့အသိုင်းအဝိုင်းတခု၊ ပါတီအဖွဲ့တခုက လိုရာဆွဲပြီးသတ်မှတ်ပေးလို့ မရပါ ဘူး"

ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်ကောင်းပီသတဲ့ ဂုဏ်သိက္ခာရှိတဲ့ ဂတိစကားတွေကြောင့် ပင်လုံသဘောတူချက် စာချုပ်ဖြစ်ပေါ်လာတာဖြစ်တယ်။ နောက်တက်လာမဲ့ ဗမာခေါင်းဆောင်တွေ သစ္စာမရှိဂတိမတည်မထားတတ်မှန်း၊ ဗမာလူမျိုးရဲ့ ဂုဏ်သိက္ခာကိုမှ မငဲ့ ညှာမထောက်ထားတတ်မှန်း၊ အရှက်မရှိဖေါက်ဖျက်တတ်မှန်း အစကနဦးကသိထားကြရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ဂတိစကားကို မယုံကြည်ဘဲ စာချုပ်လက်မှတ်မထိုးခဲ့ကြရင်၊ဗမာလူမျိုးအနေနဲ့ ဗမာပြည်လွတ်လပ်ရေးကိုဘဲ ယူခဲ့ကြရင်၊ တောင်တန်းဒေသကလည်း အင်္ဂလိပ်ပေးတဲ့ ဒိုမီနီယံအဆင့်ကိုပဲရယူခဲ့ကြရင်။ ဒါမှမဟုတ် သီးသန့်လွတ်လပ်ရေး ပူးပေါင်းယူခဲ့ကြရင် အခုလိုမကျေနပ်မှုတွေ တိုက်ခိုက်သတ်ဖြတ်မှုတွေ ရှိခဲ့မှာမဟုတ်ပါဘူး။ သီးခြားလွတ်လပ်တဲ့ ဗမာနိုင်ငံလည်း ကမ္ဘာမှာဆန် စပါးအထွက်ဆုံး တိုးတက်ချမ်းသာနေတဲ့ ဗမာပြည်ကြီးဖြစ်ချင်ဖြစ်နေမှာပါ။

တောင်တန်းဒေသတိုင်းရင်းသား တွေကလည်း သူ့နည်းသူ့ဟန်နဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အကူအညီနဲ့ချစ်ကြည်အေးချမ်းစွာ ရပ်တည်နေနိုင်ခဲ့ကြရင် အခုလိုနေရပ်ရွှေ့ပြောင်းရွာမီးရှို့၊ အိမ်ခြေ–လယ်ယာ၊ ခြံမြေသိမ်း၊ အဓမ္မလုပ်အားစေခိုင်း၊ မုဒိမ်းကျင့်၊ နှိပ်စက်သတ်ဖြတ်တာတွေ၊ လူမျိုး ရေးဝါးမြိုတာတွေလည်း ခံစားရမှာမဟုတ်ပါဘူး။

ဒီလိုလူမျိုးမှုန်းတီးရေး၊ တိုက်ခိုက် အနိုင်ကျင့်သတ်ဖြတ်ရေး ဖြစ်လာမယ်မှန်းသိခဲ့ရင် ပြည်ထောင်စုထဲမပါဘဲ သီးသန့်နေလာခဲ့ကြတာကမှ ကောင်းတယ်ဆိုတဲ့ခံစားချက်တွေ ကိန်းအောင်းခဲ့ကြတာမဆန်းပါဘူး။ လူမျိုးချင်းနားလည်ကူညီမှု၊ အကျိုးတူပူးပေါင်းမှုရှိတဲ့ ငြိမ်းချမ်းသာယာတဲ့၊ လူ့အခွင့်အရေးလေးစားလိုက်နာတဲ့ဆက်ဆံရေးတွေနဲ့ ကိုယ့်ဘာသာကိုယ်သီးခြားရပ်တည်လာခဲ့ကြတာကမှ ပိုကောင်းမယ်ဆိုတဲ့ အတွေးအမြင်တွေ ဖြစ်လာစေခဲ့ပါတယ်။

ဒီတင်ပြချက်တွေဟာ သျှမ်းပြည်လူမျိုးပေါင်းစုံမျိုးဆက်သစ်လူငယ်များအဘို့ အရှိကိုအရှိအတိုင်း သုံးသပ်လက်ခံပြီး အပြန်အလှန်အသိအမှတ်ပြုနားလည်ယုံကြည်ရေး၊ ချစ်ကြည်သွေးစည်းရေးအတွက် အထောက်အကူဖြစ်စေနိုင်မယ်လို့ ဆန္ဒပြုပါတယ်။

စဝ်ဘုန်းလှိုင် (တောင်ကြီး)
23/2/2005



INDP 222 Burmese.pmd 46 25/1/2549, 13:29

# သျှမ်းအမျိုးသမီး နန်းချမ်းတောင်း သမတဘုရှ်နှင့်တွေ့ဆုံရ



US အစိုးရအနေနဲ့ မြန်မာပြည်မှာ ဒီမိုကရေစီနဲ့ လွတ်လပ်ခွင့်တွေ ထွန်းကားရေး အတွက် ဆက်လက်ထောက်ခံ ဆောင်ရွက်သွားမယ်လို့ US သမတကြီး George W. Bush က လူ့အခွင့်အရေးအတွက် လှုပ်ရှားနေတဲ့ သျှမ်းတိုင်းရင်းသူ နန်းချမ်းတောင်းကို (31/10/05)နေ့က လက်ခံတွေ့ဆုံပြီး အာမခံ ပြောကြားခဲ့ပါတယ်။ အိမ်ဖြူတော်မှာတွေ့ဆုံစဉ် မြန်မာပြည်က လူ့အခွင့်အရေးချိုးဖေါက်မှုတွေအကြောင်း၊ နိုင်ငံရေးအကျဉ်းသားတွေအကြောင်း၊ တိုင်းရင်းသား ဒုက္ခသည်တွေအကြောင်း စတာတွေမေးမြန်းပြီး မြန်မာ့ဒီမိုကရေစီအရေး ဆက်လက်ထောက်ခံသွားမယ်လို့ ပြောဆိုတာဖြစ်ပါတယ်။ အဲဒီတွေ့ဆုံပွဲနဲ့ပတ်သက်လို့ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ မစ္စတာ Scott Mc Clellan ကလဲ လှိုက်လှဲစွာကြိုဆိုပြီး နန်းချမ်းတောင်းနဲ့ လက်ခံတွေ့ဆုံရတာကို ကျေနပ်မိတယ်လို ပြောဆိုခဲ့ပါတယ်။

"စစ်အစိုးရရဲ့စစ်တပ်တွေက အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေလုပ်နေတာ အဓမ္မလုပ်အားပေးကိစ္စတွေ၊ အဓမ္မကျေးရွာရွှေ့ပြောင်းတဲ့ကိစ္စတွေ၊ နောက်ဆက်တွဲဖြစ်လာတဲ့ IDP ပြည်တွင်းအိုးအိမ်စွန့်ထွက်ပြေးနေကြတဲ့ ဒုက္ခသည်တွေရဲ့ဘဝ၊ လူကုန်ကူးမှုနဲ့အိမ်နီးချင်းနိုင်ငံတွေဆီ ဒုက္ခသည်တွေဝင်ရောက်နေမှု စတာတွေကို ကျမပြောပြခဲ့ပါတယ်။"

"လုံခြုံရေးကောင်စီမှာ မြန်မာ့အရေး ဖြေရှင်းနိုင်ဘို့ USA အနေနဲ့ပိုမိုဖိအားပေး ဆောင်ရွက်ဖို့ ကျမအလေးအနက်ပြောဆိုပါတယ်။ ဒါ့အပြင် Asean, ဂျပန်၊ EU စတဲ့ နိုင်ငံတွေနဲ့ဆက်သွယ်ပြီးတော့ မြန်မာ့အရေးကို ကျယ်ကျယ်ပြန့်ပြန့် ဖိအားပေးပါလို့ သမတဘုရှ်ကို ကျမတောင်းဆိုပါတယ်။ ဒါ့အပြင် တရုပ်ပြည်ကမြန်မာနိုင်ငံရဲ့ သယံဇာတတွေကိုထုတ်ယူ ပြီးမြန်မာစစ်အစိုးရကို ကျားကန်ပေးနေတဲ့အကြောင်းလဲ ကျမပြောပြခဲ့ပါတယ်။ ဒါ့ကြောင့် တရုပ်ခေါင်းဆောင်တွေနဲ့တွေ့ရင်လဲ မြန်မာ့အရေးကို ဆွေးနွေးပေးဖို့ကျမပြောဆိုခဲ့ပါတယ်။"

"ဒေါ်အောင်ဆန်းဆုကြည် အကျယ်ချုပ်ဘဝနဲ့ဆက်ရှိနေတာကို ကျမတို့ဆွေးနွေးဖြစ်ပါတယ်။ ဒါ့အပြင် SNLD ဥက္ကဌ ခွန်ထွန်းဦး အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေလဲ အဖမ်းခံထားရကြောင်း ကျမပြောပြပါတယ်။"

"ပြည်သူတွေရဲ့အသံကို တင်ပြခွင့်ရတာ၊ ဒုက္ခရောက်နေတဲ့ဖြစ်ရပ်တွေသာမက၊ ဒုက္ခရောက်နေသူတွေရဲ့မျှော်လင့်ချက်ကို ဖေါ်ထုတ်ပြောဆိုခွင့်ရတာဟာ အလွန်အရေးကြီးပါတယ်။ သမတဘုရှ်နဲ့တွေ့ခွင့်ရတဲ့အခွင့်အရေးကိုသုံးပြီး မြန်မာပြည်သူတွေရဲ့ဒုက္ခနဲ့မျှော်လင့်ချက်တွေကို တင်ပြခွင့်ရတာမို့ အလွန်အကျိုးရှိပါတယ်။"

သမတဘုရှ်က လူ့အခွင့်အရေးအတွက် လှုပ်ရှားသူ သျှမ်းတိုင်းရင်းသူ နန်းချမ်းတောင်းကို အိမ်ဖြူတော်မှာလက်ခံတွေ့ ဆုံတာနဲ့ ပတ်သက်ပြီး အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် Scott Mc Clellan က သမတဘုရှ်အနေနဲ့ လှိုက်လှဲစွာကြိုဆိုပြီး အခုလိုလက်ခံတွေ့ဆုံရတာကို ကျေနပ်မိတယ်လို့ပြောဆိုလိုက်ပါတယ်။

"သမ္မတက အမေရိကန်ပြည်ထောင်စုအနေနဲ့ ဒါ့ထက်ပိုပြီး ဘာတွေလုပ်ပေးနိုင်ပါသလဲလို့ ကျမကိုမေးမြန်းခဲ့ပါတယ်။ သူ့အနေနဲ့ အခြေအနေကို စိုးရိမ်မကင်းဖြစ်မိတယ်လို့ပြောပြီး အမေရိကန်ပြည်ထောင်စု ဘယ်လိုအကူအညီပေးနိုင်မလဲ ဆိုတာ ကျမကိုမေးမြန်းခဲ့ပါတယ်။"

USA က မြန်မာအိမ်နီးချင်းနိုင်ငံတွေဖြစ်ကြတဲ့ ထိုင်းလို ASEAN နိုင်ငံများအပြင် ဂျပန်၊ တရုတ်၊ အိန္ဒိယအစရှိတဲ့နိုင်ငံတွေကိုလည်း ဆော်ဩပြီး မြန်မာနိုင်ငံရေးနဲ့ ပတ်သက်လို့ထည့်သွင်းပေးပါလို့ ဒါဟာ သူတစ်ယောက်ထဲအတွက်မဟုတ်ဘဲ မြန်မာနိုင်ငံသူ/သားအားလုံးအတွက် ဂုဏ်ယူဘွယ်ရာဖြစ်တဲ့အကြောင်း ပြောကြားပါတယ်။

RFA-VOA (1.11.05 နံက်ပိုင်း)





INDP 222 Burmese.pmd 47 25/1/2549, 13:29




# And the year has only just begun ...





S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org